# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့ အစီအစဉ်

# [ ၆–၁၂–၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်ရှိ ဟိုနမ့်ကျေးရွာအုပ်စု၊ ထီတခေါ် ရေထွက်ကန်ကြီး ဘက်စုံပြုပြင်ပေးမည့် အစီအစဉ်နှင့် ပန်းတန်ကျေးရွာအုပ်စု၊ နောက်ခိုက်လျှိုပိတ်တမံကြီး၏ တောင်ကျရေလွှဲ လမ်းကြောင်းအား ကျောက်စီနံရံထိန်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **အများပိုင် သမဝါယမ အသင်းများ၏ မြေနေရာများ၊ အဆောက်အဦများ၏ စာရင်းနှင့် ယင်းမြေနေရာနှင့် အဆောက်အဦများအား မည်သို့စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေး၍ အစုရှယ်ယာထည့်ဝင်ထားသော ပြည်သူများအား အမြတ်ဝေစုများ ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့ရှိ ရင်းမိုးရပ်ကွက်နှင့် ကိုးခေါင်ရပ်ကွက်၊ နောင်တရားမြို့ရှိ မြို့ဧရိယာ (၂၇၀၉) ကေနှင့် ရပ်ကွက် (၃)ရပ်ကွက်၊ ပေါင်းလောင်းမြို့ ရပ်ကွက် (၆) ရပ်ကွက်တို့အား မြို့ကွက်များဖြင့် စနစ်တကျ တည်ရှိနိုင်ရေး ကွက်စိတ်ကွက်ကြဲ တိုင်းတာပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **"ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်းတံတားများ စနစ်တကျ နေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အဆင့်မြင့် လယ်ယာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ် အကောင်အထည်ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ် ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်**

**သွားရောက် ချေးပေးသော ပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ခ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၊

(င) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(စ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်

(ဆ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ဇ) ဦးအောင်မြင့်၊ သာယာဝတီ မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ည) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဋ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဌ) ဦးအောင်သန်း၊ သဲကုန်း မဲဆန္ဒနယ်

(ဍ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၊

(ဎ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဏ) ဦးသန်းထွန်းမြင့်၊ ကလေးဝ မဲဆန္ဒနယ်၊

(တ) ဗိုလ်မှူး ကျော်မင်းဟန်၊ တပ်မတော်သား ကိုယ်စားလှယ်၊

(ထ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၁၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ်ဦးရေ ၄၀၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်ရှင်။ ၎င်းတို့ကတော့-

(၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၂ ရက်၊

(၂) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၃) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါ်ခင် ခွင့် ၁ ရက်၊

(၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၄ ရက်၊

(၇) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၈) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၄ ရက်၊

(၉) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်နှင့်

(၁၀) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်တို့ဖြစ်ပါတယ်ရှင်။ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၅ ဦး ဖြစ်ပါတယ်ရှင်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မောက်မယ်မြို့နယ်ရှိ ဟိုနမ့်ကျေးရွာအုပ်စု ထီတခေါ့ ရေထွက်ကန်ကြီး ဘက်စုံပြုပြင်ပေးမည့်အစီအစဉ်နှင့် ပန်းတန်ကျေးရွာအုပ်စု၊ နောက်ခိုက်လျှိုပိတ်တမံကြီး၏ တောင်ကျရေလွှဲလမ်းကြောင်းအား ကျောက်စီနံရံထိန်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းနှစ်ခုကို တင်ပြ မေးမြန်းထားခဲ့ပါတယ်။ မေးခွန်း(၁)ကတော့ မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု ထီတခေါ့ ရေထွက် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် ဆောင်ရွက်ပေးရန်နှင့် နံပါတ်(၂) မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စု နောက်ခိုက်လျှိုပိတ်တမံကြီး တောင်ကျရေလွှဲလမ်းကြောင်းအား ကျောက်စီနံရံထိန်းဆောင်ရွက်ပေးပါရန်ဆိုတဲ့ မေးခွန်းနှစ်ခုကို ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းထားခဲ့ပါတယ်။ ဒီရေအရင်းအမြစ်နှစ်ခုဟာဆိုရင် ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ တောင်ပေါ်ဒေသမှာ ယနေ့တိုင် အဓိကမှီခိုအားထားသုံးစွဲနေရတဲ့ ရေအရင်းအမြစ်နှစ်ခုပဲဖြစ်ပါတယ်။ ပထမ နံပါတ်(၁)မှာ တင်ပြထားတဲ့ ထီတခေါ့ကျေးရွာ ထီတခေါ့ရေထွက်ကန်ကြီးကို ရဟန်းရှင်၊ လူ၊ ပြည်သူများက ရှေးအစဉ်အဆက် ဆောင်ရွက်လာခဲ့တဲ့ရေကန်ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းမတိုင်ခင်မှာဘဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုပြင်မွမ်းမံမှုဘက်စုံဆောင်ရွက်ပြီးစီးကြောင်း တင်ပြလိုပါတယ်။ အထူးလည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ နောက်ခိုက်လျှိုပိတ်တမံကြီးကို ကျောက်စီနံရံထိန်း ရေလွှဲလမ်းကြောင်းဆောင်ရွက်ပေးဖို့အတွက် မေးမြန်းလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ခိုက်လျှိုပိတ်တမံနှင့်ပတ်သက်သည့် Power Point အနည်းငယ်တင်ပြခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။ ဒါ သဘာဝရေထွက်ကနေ တောင်ကြားထဲကို စိမ့်ထွက်လာပြီးတော့မှ တောင်ကျရေတွေဟာ အတားအဆီးမရှိဝင်ရောက်တဲ့အတွက် နုန်းတွေ တဖြည်းဖြည်းကောလာပြီးတော့မှ ဒါ သောက်သုံးလို့ မရတော့တဲ့အဆင့် အနေအထားဖြစ်ပါတယ်။ ဒါ လျှိုပိတ်တမံမဆောင်ရွက်ခင်အနေအထားပုံဖြစ်ပါ တယ်ခင်ဗျား။ ဒါက ပြီးခဲ့တဲ့လွှတ်တော်သက်တမ်းမှာ တင်ပြတောင်းဆိုခဲ့တဲ့အတွက် နိုင်ငံတော်ကနေ ကျွန်တော်တို့ဒေသကို လျှိုပိတ်တမံဆောင်ရွက်ပေးတဲ့အတွက် ရေတွေ ဒီလိုလှောင်ထားနိုင်တဲ့အနေ အထားဖြစ်ပါတယ်။ နံရံနှစ်ဖက်ပိတ်အနေအထားဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျေးရွာသူ ကျေးရွာသား များအသုံးပြုဖို့အတွက် သောက်သုံးရေနေရာ၊ ချိုးရေနေရာ စသည်ဖြင့် အဆင့်မီမီဆောင်ရွက်ပေးထား တာကို တွေ့မြင်ရမှာဖြစ်ပါတယ်ခင်ဗျား။ ဒါက ဖို့မြေဖြစ်ပါတယ်ခင်ဗျား။ အထဲက backhoe တွေနဲ့ နှိုက်ပြီးတော့မှ ကျွန်တော်တို့ ဆည်တာပေါင်ကို ဖို့မြေနဲ့ဖိုးထားတာဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြ တဲ့နေရာကတော့ တောင်ကျရေလွှဲတဲ့လမ်းကြောင်းဖြစ်ပါတယ်ခင်ဗျား။ ဟိုး သစ်ပင်ပေါက်နေတဲ့ ဟိုဘက်တစ်ခြမ်းကဆိုရင် တောင်တန်းကြီးတွေရှိပါတယ်။ တောင်တန်းဘက်ကို တောင်ကျရေက မတိုက်စားပါဘူး။ ဒီဘက် ဖို့မြေဖြစ်တဲ့ ဒီ ဆည်နံရံဘက်ကို တိုက်စားတာဖြစ်ပါတယ်ခင်ဗျား။ ဒီအကျယ် အကွာအဝေးကတော့ ဒီပုံထဲမှာမြင်ရတဲ့အနေအထားအတိုင်းဖြစ်ပါတယ်။ အခုဆိုရင် မိုးတွင်းကာလ နှစ်ကြိမ်ကျော်ဖြတ်ပြီးဖြစ်တဲ့အတွက် မိုးတအားရွာတဲ့အချိန်တွေမှာဆိုရင် ကျွန်တော်တို့ ဒီ တောင်ကျ ရေလမ်းကြောင်းဟာ ဖို့ထားတဲ့မြေသားကို တဖြည်းဖြည်းဖဲ့၍ တိုက်စားနေပါပြီ။ ဒါ မကြာခင်အချိန်မှာ ကန်ထဲကို နဂိုအတိုင်းပြန်လည်ဝင်ရောက်သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုတာကတော့ ကျွန်တော်တို့ မောက်မယ်မြို့နယ် ပန်းတန် ကျေးရွာအုပ်စု နောက်ခိုက်လျှိုပိတ်တမံကြီးရဲ့ တောင်ကျရေလွှဲလမ်းကြောင်းကို ကျောက်စီနံရံထိန်း ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ်များကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ ယခုလို ကျေးလက်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် မေးမြန်းပေးတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းဝေါင်းဆိုင်ဟိန်းကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ဖြေကြားတဲ့နေရာမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းမှာ အပိုင်းနှစ်ပိုင်းအနက်က ပထမပိုင်းဖြစ်တဲ့ မောက်မယ်မြို့နယ်၊ ပအိုဝ်းဒေသမှာရှိတဲ့ ထီတခေါ့ရေထွက်နှင့်ပတ်သက်ပြီး ဟိုနမ့်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဈေးကုန်း၊ စက်ကုန်း၊ ထီတခေါ့၊ ပြင်သာယာ၊ အောင်သုခ၊ ပူးထိုကျေးရွာများမှ ရေရယူသုံးစွဲလျက်ရှိတဲ့ ရေထွက်တစ်ခုဖြစ်ပြီး လက်ရှိအခြေအနေမှာ အလျား ၁၅၀ ပေ ရှည်လျားတဲ့ အုတ်စီရေတားတမံအမျိုးအစားဖြစ်ပြီး နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်တဲ့အတွက် ရေယိုစိမ့်မှုများဖြစ်ပေါ်လျက်ရှိတဲ့အတွက် အရေတကြီးပြန်လည်ပြုပြင်ရန် လိုအပ်တဲ့အပိုင်းမှာ အလျား ပေ ၁၀၀၊ အနံ ၃ ပေနှင့် အမြင့် ၆ ပေရှိတဲ့ ကျောက်ရိုးစီ ရေတားတမံအဖြစ်နဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၇ သန်းနဲ့ ၁၆-၅-၂၀၁၆ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာပါတဲ့အတိုင်းပါပဲ ၂၉-၅-၂၀၁၆ ရက်မှာ အားလုံးဆောင်ရွက်ပြီးဖြစ်ပါတယ်။ တမံပြုပြင်ဆောင်ရွက်ရန်ကျန်ရှိတဲ့ အလျား ၅၀ ပေ ကျောက်ရိုးစီရေတားတမံအဖြစ်နဲ့ ပြန်လည်ပြုပြင်တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျတဲ့ငွေစရိတ် ၃.၅ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာခြောက်ရွာနဲ့ အိမ်ခြေ ၄၆၆၊ လူဦးရေ ၂၆၈၁ ဦးကို ရေလုံလောက်စွာ ရရှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။

မောက်မယ်မြို့နယ်၊ ပအိုဝ်းဒေသမှာရှိတဲ့ ဟိုနမ့်ကျေးရွာအုပ်စုအတွင်းရှိတဲ့ ထီတခေါ့ရေထွက်မှ ဆောင်ရွက်ရန်ကျန်ရှိတဲ့ တမံအလျား ပေ ၅၀ ကို ကျောက်ရိုးစီရေတားတမံအဖြစ်နဲ့ ထပ်မံပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၃.၅ သန်းကိုတော့ ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်အကောင်အထည်ဖော်

**မူကြမ်း**

ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မောက်မယ်မြို့နယ်မှာရှိတဲ့ ပန်းတန်းကျေးရွာအုပ်စု နောက်ခိုက်ရေထွက်လျှိုပိတ်တမံရေလွှဲမြောင်းမကြီးရဲ့ ကျောက်စီနံရံထိန်းသိမ်းတဲ့လုပ်ငန်းဆောင်ရွက်ရန်အတွက် ပဏာမခန့်မှန်းတွက်ချက်မှုအရ ကုန်ကျစရိတ်မှာ ကျပ် ၉၅ သန်းခန့်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်တယ်ဆိုတဲ့အကြောင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပူးတွဲဖြေကြားအပ်ပါတယ်။

မိမိအနေနဲ့ ဆက်လက်တင်ပြလိုတာကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ဘတ်ဂျက်လျာထားဆောင်ရွက်တဲ့အနေအထားလေးကို အနည်းအကျဉ်းတင်ပြလိုပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ လူဦးရေအချိုးအစားအရ လျာထားတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးများမှာရှိတဲ့ မြို့နယ်များအားလုံးကို ပါဝင်အောင်လျာထားပါတယ်။ ဒါ့အပြင် ကျေးရွာများရဲ့ လိုအပ်ချက်များအရ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်မှာ ဦးစားပေးအစီအစဉ်အတိုင်း လျာထားပေးတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မူလခွင့်ပြုရန်ပုံငွေကျပ် ၂၄၃၄.၇၃ သန်းဖြင့် တွင်းတိမ်သုံးတွင်း၊ တွင်းနက် ၂၂ တွင်းနှင့် လက်တူးတွင်းနှစ်တွင်း၊ မြေသားရေကန်နှစ်ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၉၉ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၁၂၈ ခုတို့ကို လျာထားခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံ(ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေအနေနဲ့ကတော့ ၁၄၅.၂၂ သန်းနဲ့ ကျေးရွာပေါင်း ၂၉ ရွာမှာ မူလရှိပြီးတွင်းများကို တွင်းဆေး/တွင်းပြင်ခြင်းလုပ်ငန်းသုံးခု၊ အင်ဂျင်/ Pump / ဒိုင်နမိုပြုပြင်ခြင်းလုပ်ငန်းတစ်ခု၊ လက်တူးတွင်းပြုပြင်ခြင်းလုပ်ငန်းတစ်ခုနှင့် အုတ် ရေလှောင်ကန်/ ရေတားတမံပြုပြင်ခြင်းလုပ်ငန်းခုနစ်ခု၊ စိမ့်စမ်းရေသွယ်ပြုပြင်ခြင်းလုပ်ငန်း ၂၁ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၃၃ ခုတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မောက်မယ်မြို့နယ်အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၄၈.၃ သန်းနဲ့ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှစ်ခုကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ပန်းတန်ကျေးရွာအုပ်စု၊ နောက်ခိုက်ရေထွက်လျှိုပိတ်တမံမှာ မောက်မယ်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်း

ဆောင်ရွက်လျက်ရှိတဲ့ လျှိုပိတ်တမံတစ်ခုဖြစ်ပါတယ်။ ကျေးရွာလေးရွာ၊ အိမ်ခြေ ၃၂၀နှင့် လူဦးရေ ၁၅၀၀ ခန့်ကို သောက်သုံးရေအဖြစ်နဲ့ အသုံးပြုလျက်ရှိပါတယ်။ ၎င်းတမံရေလွှဲမြောင်းမှာ အရှည် ၁၃၅၀ ပေ၊ အကျယ် ၁၆ ပေနဲ့ အမြင့် ၁၀ ရှိတဲ့ မြေသားမြောင်းပေါင်အမျိုးအစားဖြစ်ပြီးတော့ ကျောက်ရိုးစီနံရံဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၉၅ သန်း ကုန်ကျမှာဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အများပိုင် သမဝါယမအသင်းများ၏ မြေနေရာများ၊ အဆောက်အဦများ၏စာရင်းနှင့် ယင်းမြေနေရာနှင့် အဆောက်အဦများအား မည်သို့စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေး၍ အစုရှယ်ယာထည့်ဝင်ထားသောပြည်သူများအား အမြတ်ဝေစုများပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ (၁) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အတွင်းရှိ သမဝါယမဦးစီးဌာနပိုင်တဲ့ ပြည်သူများ၏အစုရှယ်ယာဖြင့် တည်ထောင်ထားသော အများပိုင်သမဝါယမအသင်းများ၏ မြေနေရာနှင့်အဆောက်အဦများ၊ (၂) မြန်မာတစ်နိုင်ငံလုံးရှိ သမဝါယမဦးစီးဌာနပိုင်တဲ့ ပြည်သူများ၏အစုရှယ်ယာဖြင့် တည်ထောင်ထားသော အများပိုင်သမဝါယမအသင်းများ၏ မြေနေရာနှင့် အဆောက်အဦများ၏စာရင်းနှင့် ၎င်းမြေနေရာနှင့်အဆောက်အဦများအား မည်သို့စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေးရေး၊ အစုရှယ်ယာထည့်ဝင်ထားသော ပြည်သူများအား အမြတ်ဝေစုများပေးအပ်ရန်၊ စာရင်းရှင်းတင်ပြရန် အစီအစဉ်ရှိ/မရှိ ပြည်သူများသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာဖြေကြားပေးပါရန်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ သမဝါယမဦးစီးဌာနပိုင်တဲ့ ပြည်သူများ၏အစုရှယ်ယာဖြင့် တည်ထောင်ထားသော အများ

ပိုင်သမဝါယမအသင်းများ၏ မြေနေရာများ၊ အဆောက်အဦများသည် ယခင်အစိုးရလက်ထက်မှာ ကတည်းက စီးပွားရေးလုပ်ငန်းများ၊ ပစ္စည်းသိုလှောင်ရုံများ၊ စားသောက်ခန်းများ၊ စားသောက်ဆိုင်များ၊ ဆေးခန်းများ၊ အရက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ လူနေအိမ်ခန်းများအဖြစ် နှစ်ရှည်လများငှားရမ်း ထားရာမှာ ယခုအခါမှာ ဦးစီးဌာနပိုင်လား၊ အသင်းပိုင်လား၊ ပုဂ္ဂလိကပိုင်လားဆိုတာ ရှင်းလင်းစွာ မသိရှိရတော့ပါဘူး။ အိမ်ရာစီမံကိန်းများဖော်ဆောင်ရာမှာ အများပိုင်သမအသင်းများဟာ တိုက်ခန်း များအဖြစ်ပြန်လည်ရရှိရာမှာ မိမိတို့ရပ်ကွက်သူ/ရပ်ကွက်သားများ အစုရှယ်ယာနှင့်ထည့်ဝင်ထားတဲ့ သမဝါယမပိုင်အခန်းများကို နှစ်ရှည်လများငှားရမ်းထားတဲ့အတွက် ဘယ်နှစ်ခန်းရှိတယ်၊ ဘယ်လို ငှားရမ်းထားတယ်၊ ငှားရမ်းငွေတွေကို ဘယ်လိုစီမံခန့်ခွဲတယ်ဆိုတာကို မသိရတော့ပါဘူး။ မိမိတို့ အစုရှယ်ယာထည့်ဝင်ထားတဲ့ အများပိုင်သမဝါယမအသင်းများ၏ အသင်းဝင်များသည်လည်း အမြတ် ငွေမရရှိတဲ့အပြင် သမအမှုဆောင်တွေဟာ ဘယ်သူတွေလဲ၊ ဘယ်လိုငှားရမ်းလဲ၊ အမှန်တကယ် ငှားရမ်း ငွေဟာ ဘယ်လောက်ရသလဲဆိုတာလည်း မသိတော့ပါဘူး။ သမဦးစီးဌာနပိုင်တဲ့ အများပိုင် သမဝါယမအသင်းများ မြေနေရာနှင့်အဆောက်အဦများ ဆုံးရှုံးမှာကို ပြည်သူများကစိုးရိမ်နေပါတယ်။ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက် သမဝါယမအသင်း ယခု လှိုင်စွမ်းအား သမဝါယမအသင်းဆိုင်ခန်းများကို နှစ်ရှည်လများငှားရမ်းတဲ့လူတွေက ပြန်ပြီးတော့တရားစွဲလို့ တရား ရင်ဆိုင်နေရပြီးတော့ တရားစရိတ်မရှိလို့ ဆုံးရှုံးရမယ့်အခြေအနေမျိုးကြုံနေရပါတယ်။ ဒါ့အပြင် ငှားရမ်းခငွေ ရရှိငွေများသည်လည်း သမဦးစီးဌာနနှင့် အများပိုင်သမဝါယမအသင်းများရရှိခြင်း ရှိ/မရှိ၊ စာရင်းဇယားမှတ်တမ်းများထားရှိခြင်းရှိ/မရှိ၊ အမှန်တကယ်ငှားရမ်းခငွေများရရှိခြင်းရှိ/မရှိ ဥပမာ ၅၀၀၀၀၀ နှင့်ငှားရမ်းထားပြီးတော့ ၅၀၀၀၀ စာရင်းပြထားခြင်းမျိုးကို ကြပ်မတ်စစ်ဆေးပေးနိုင် ဖို့အတွက် သမဝါယမဦးစီးဌာနပိုင်တဲ့ ပြည်သူများရဲ့အစုရှယ်ယာဖြင့် တည်ထောင်ထားတဲ့ အများပိုင် သမဝါယမအသင်းများရဲ့မြေနေရာများ၊ အဆောက်အဦများရဲ့စာရင်းနှင့် ၎င်းမြေနေရာ၊ အဆောက် အဦများအား မည်သို့စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေး၍ အစုရှယ်ယာထည့်ဝင်ထား သော ပြည်သူများအား အမြတ်ဝေစုများပေးအပ်ရန်၊ စာရင်းရှင်းတင်ပြရန် အစီအစဉ်ရှိ/မရှိ ပြည်သူ များသိရှိနိုင်ရန် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်လိုပဲ တစ်နိုင်ငံလုံးမှာ ဒီလိုဖြစ်ရပ်တွေ ရှိခဲ့တာကြောင့် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ သမဝါယမဦးစီးဌာနပိုင်တဲ့ ပြည်သူများရဲ့အစုရှယ်ယာနှင့် တည်ထောင်ထားတဲ့ အများပိုင်သမဝါယမအသင်းများရဲ့ မြေနေရာများ၊ အဆောက်အဦများစာရင်းနှင့် ၎င်းမြေနေရာနှင့်အဆောက်အဦများကို မည်သို့စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေး၍

အစုရှယ်ယာထည့်ဝင်ထားတဲ့ပြည်သူတွေကို အမြတ်ဝေစုပေးအပ်ဖို့၊ စာရင်းရှင်းတင်ပြဖို့ အစီအစဉ် ရှိ/မရှိသိရှိနိုင်ရန် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အတွင်းမှာရှိတဲ့ သမဝါယမဦးစီးဌာနပိုင်နှင့် ပြည်သူများရဲ့အစုရှယ်ယာဖြင့် တည်ထောင်ထားတဲ့ အများပိုင်သမဝါယမအသင်းများရဲ့ မြေနေရာများ၊ အဆောက်အဦများ၊ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ သမဝါယမဦးစီးဌာနပိုင်နှင့် ပြည်သူများရဲ့ အစုရှယ်ယာနဲ့တည်ဆောက်ထားတဲ့ အများပိုင်သမဝါယမအသင်းများရဲ့ မြေနေရာများ၊ အဆောက်အဦများရဲ့စာရင်းနှင့် ယင်းမြေနေရာနှင့် အဆောက်အဦများဟာ မည်သို့စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေး၍ အစုရှယ်ယာထည့်ဝင်ထားတဲ့ပြည်သူများကို အမြတ်ဝေစုများ ပေးအပ်ရန်၊ စာရင်းရှင်းတင်ပြရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမပေါ်မှာ မြို့နယ်သမဝါယမဦးစီးဌာနပိုင်တဲ့ မြေအကျယ်အဝန်း (ပေ ၃၀ x ၆၀)နှင့် ၎င်းမြေပေါ်မှာရှိတဲ့ သွပ်မိုး၊ အုတ်ကာ နှစ်ထပ်အဆောက်အဦတစ်လုံးရှိပြီး လှိုင်မြို့နယ် သမဝါယမဦးစီးဌာနရုံးအဖြစ် ဖွင့်လှစ်အသုံးပြုလျက်ရှိပါတယ်။ လှိုင်မြို့နယ်အတွင်းမှာ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းပြီး သမဝါယမအသင်း ၅၅ သင်းရှိပြီး အသင်းသားဦးရေ ၄၁၁၂ ဦး၊ အစုငွေကျပ်သန်း ၇၇.၃၃၃၊ စုဆောင်းငွေကျပ်သန်း ၂၂၆.၂၇၄၃၄၉၊ လှည့်လည်ငွေရင်းကျပ်သန်း ၃၅၇.၁၃၄၈၂ ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိတယ်လို့ စာရင်းအရ သိရှိရပါတယ်။ လှိုင်မြို့နယ်မှာရှိတဲ့ သမဝါယမအသင်း ၅၅ သင်းအနက် မြေ/အဆောက်အဦ/အခန်းများပိုင်ဆိုင်သော သမဝါယမအသင်း ၂၆ သင်းရှိပါတယ်။ အဆိုပါ ၂၆ သင်းမှာ သမဝါယမအသင်းပိုင်မြေ ၁၆ ကွက်နှင့် အဆိုပါမြေကွက်များပေါ်မှာ ဆောက်လုပ်ထားတဲ့ အသင်းပိုင်အဆောက်အဦ ၁၃ ခု၊ အခန်း ၂၄ ခန်း၊ စည်ပင်မြေနှင့် အခြားပိုင်မြေများပေါ်မှာ အဆောက်အဦလေးခုနှင့် အခန်း ၁၄ ခန်း စုစုပေါင်း သမဝါယမအသင်းပိုင်မြေ ၁၆ ကွက်၊

အဆောက်အဦ ၁၇ ခုနှင့် အခန်း ၃၈ ခန်း ပိုင်ဆိုင်မှုရှိပါတယ်။ ၎င်းတို့အနက် အသင်းပိုင်အဆောက်အဦနှစ်ခုနှင့် အခန်း ခုနစ်ခန်းကို အသင်းများမှ ကိုယ်တိုင်အသုံးပြု၍ အသင်းပိုင်မြေကွက်တစ်ကွက်၏ ရွှေ့မြေလွတ်တစ်နေရာနှင့် အသင်းပိုင်အဆောက်အဦ ၁၅ ခု၊ အခန်း ၃၁ ခန်းကို ပုဂ္ဂလိကသို့ ငှားရမ်းထားပါတယ်။ ငှားရမ်းခရငွေများကို သက်ဆိုင်ရာသမဝါယမအသင်းများရဲ့ငွေစာရင်း၊ နှစ်ချုပ်စာရင်းများမှာ ရေးသွင်းထားရှိပြီး အသင်းသားများအပေါ်သို့ အစုပေါ် အမြတ်ငွေများ နှစ်စဉ်ခွဲဝေပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းစာမှာဖော်ပြထားတဲ့ အခန်းငှားရမ်းခကို ၅၀၀၀၀၀ နှင့်ငှားရမ်းပြီး ၅၀၀၀၀ စာရင်းပြထားခြင်းသည် ယေဘုယျဖော်ပြချက်သာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နေတဲ့နေရာကို တိတိကျကျအထောက်အထားများနှင့် ဖော်ပြပေးမည်ဆိုပါက မိမိတို့သမဝါယမဦးစီးဌာနအနေနဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်တင်ပြရမယ်ဆိုလျှင် ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေနှင့်အညီ စိတ်တူကိုယ်တူဆန္ဒတူသူများ ပါဝင်စုစည်းပြီး အစုရှယ်ယာထည့်ဝင်ပြီး ၂၆-၉-၂၀၁၆ ရက်အထိ သမဝါယမဦးစီးဌာနမှာ မှတ်ပုံတင်ဖွဲ့စည်းထားတဲ့ သမဝါယမအသင်းပေါင်း ၄၀၄၈၅ သင်းရှိပါတယ်။ အဆိုပါသမဝါယမအသင်းပိုင် ရင်းနှီးပစ္စည်းများမှာ သက်ဆိုင်ရာအသင်းအသီးသီးရဲ့ တစ်သင်းချင်း ပိုင်ဆိုင်တဲ့ပစ္စည်းများသာဖြစ်ပါတယ်။ သမဝါယမအသင်းနည်းဥပဒေ အပိုဒ် ၇၀ အပိုဒ်ခွဲ(က)မှာ အသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးဟာ သမဝါယမအသင်းတစ်ခုချင်းစီရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး သမဝါယမအသင်း၏ကိစ္စအဝဝကို အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ အမှုဆောင်အဖွဲ့ဟာ အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ တာဝန်ခံ၍ အသင်း၏နေ့စဉ်လုပ်ငန်းများကို စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိပြီး နည်းဥပဒေ အပိုဒ် ၃၈ အပိုဒ်ခွဲ(ဃ) မှာတော့ အရပ်ရပ်ဆိုင်ရာအစည်းအဝေးများမှာ တင်ပြဆွေးနွေးသည့်ကိစ္စရပ်တိုင်းကို အများ၏ဆန္ဒအရ ဆုံးဖြတ်ရမည်ဖြစ်တဲ့အကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် သမဝါယမအသင်းပိုင်မြေ/အဆောက်အဦ၊ ရင်းနှီးပစ္စည်းများကို စီမံခန့်ခွဲဆောင်ရွက်တဲ့နေရာမှာ မိမိအသင်းရဲ့အင်အားနှင့် ကိုယ်ပိုင်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ မိမိအင်အားဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါက သမဝါယမအသင်းချင်းပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဆိုပြီး မိမိတို့ရဲ့ ဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များအားလုံးသို့ ညွှန်ကြားထားရှိပြီးလည်း ဖြစ်ပါတယ်။ သမဝါယမအသင်းများဟာ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများဖြစ်ပါတယ်။ အသင်း၏စီးပွားရေးလုပ်ငန်းများ၊

အသင်း၏ကိစ္စရပ်များကို အသင်း၏အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းများဖြစ်တဲ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ရတာဖြစ်ပါတယ်။ သမဝါယမအသင်းရဲ့ဥပဒေ၊ နည်းဥပဒေများမှာ ပြဋ္ဌာန်းထားချက်အရ အသင်း၏စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာသမဝါယမ အသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး၊ အထူးအရပ်ရပ်ဆိုင်ရာအစည်းအဝေး ဆုံးဖြတ်ချက်များဖြင့်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ရဲ့ဆုံးဖြတ်ချက်များအရလည်းကောင်း စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါတယ်။ သမဝါယမအသင်းပိုင်ငွေကြေး၊ ရင်းနှီးပစ္စည်းများ ကြပ်မတ်စစ်ဆေးခြင်း နှင့်ပတ်သက်၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်အတိုင်း သမဝါယမအသင်း စာရင်းများကို ခြောက်လတစ်ကြိမ်စစ်ဆေးတဲ့လုပ်ငန်း ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း နှစ်ချုပ်စာရင်းစစ်ဆေးခြင်းများကိုတော့ မိမိတို့ရဲ့ဝန်ကြီးဌာနအောက်မှာရှိတဲ့ သမဝါယမဦးစီးဌာန ကနေပြီး ဥပဒေနှင့်အညီ ကြပ်မတ်စစ်ဆေးပေးတဲ့လုပ်ငန်းကို ဆောင်ရွက်ပါတယ်။ အစိုးရသစ်ရဲ့ ရက် ၁၀၀ စီမံချက်ကာလအတွင်းမှာ သမဝါယမအသင်းပေါင်း ၄၀၃၅၁ သင်းကို စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ယင်းကာလအတွင်း သမဝါယမအသင်း ၄၀၀၁၈ သင်းရဲ့ အသင်းအရပ်ရပ်ဆိုင်ရာ အစည်းအဝေးများကို ကျင်းပစေခဲ့ပြီး ယင်းအစည်းအဝေးများမှာ အသင်းရဲ့လုပ်ငန်းများ၊ နှစ်ချုပ် ဘဏ္ဍာရေးစာရင်းများကို အသင်းသားအားလုံးကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းခြင်းနဲ့ အသင်းသားများသို့ အစုပေါ်အမြတ်ငွေများခွဲဝေခြင်းများ ဆောင်ရွက်စေဖို့ရန် လမ်းညွှန်ခဲ့ပြီးဖြစ်ပါ တယ်။ သမဝါယမဦးစီးဌာနအောက်မှာရှိတဲ့ ဒါကတော့ မိမိဝန်ကြီးဌာနအောက်မှာရှိတဲ့ သမဝါယမ ဦးစီးဌာနရုံးအဆင့်ဆင့်တွေ၊ သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် သင်တန်းကျောင်းများမှ အသုံးပြုလျက်ရှိတဲ့ နိုင်ငံပိုင်မြေ/အဆောက်အဦများအနေနဲ့ကတော့ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု မှာ မြေကွက် ၃၁၆ ခု၊ ဧရိယာ ၄၃၅.၂၃၃ ဧကနှင့် အုပ်ချုပ်မှုနှင့် ဝန်ထမ်းအိမ်ရာ စုစုပေါင်း အဆောက်အဦ ၅၄၀ ခု၊ အခန်းပေါင်း ၈၈ ခန်းရှိပါတယ်။ နိုင်ငံပိုင်မြေ/အဆောက်အဦ/အခန်းများ စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များအလိုက် စနစ်တကျမှတ်တမ်းများ ပြုစုထိန်းသိမ်းထားရှိပြီး ဌာနမှအသုံးပြုလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ရပ်ကွက်မှာ ကျွန်တော်ကိုယ်တိုင်လည်း အသင်းဝင်တစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်ထိ အမြတ်ဝေစုရရှိခြင်း မရှိသေးပါဘူး။ တစ်ခါမှလည်း မရှိခဲ့ပါဘူး။ ဆက်စပ်မေးခွန်းမေးချင်တာကတော့ သမဝါယမက ဦးစီးဌာနပိုင်အသင်းများနှင့် အများပိုင်သမဝါယမအသင်းများ၊ မြေနေရာများ၊ အဆောက်အဦများမှာ ဆိုင်းဘုတ်များ၊ သမဝါယမအသင်းဆိုင်းဘုတ်များ တပ်ဆင်ဖို့အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ပထမမေးခွန်းက သမဝါယမဦးစီးဌာနပိုင်အသင်းများဆိုတာ ကျွန်တော်စောစောကဖြေတဲ့အထဲမှာ သမဝါယမဦးစီးဌာနက မရှိပါဘူး။ ကျွန်တော်တို့ပိုင်တဲ့အသင်းမရှိပါဘူး။ ကျွန်တော်တို့စီမံခန့်ခွဲနေတဲ့ သမဝါယမအသင်းများသာလျှင်ရှိပါတယ်။ ဒီတော့ ကျွန်တော်တို့ မြို့နယ်သမဝါယမအသင်းတွေကတော့ မူလကတည်းက ဆိုင်းဘုတ်တွေတပ်ပြီးသားဖြစ်ပါတယ်။ အလွယ်ကူဆုံးပြောရမယ်ဆိုလို့ရှိရင် သမဝါယမဦးစီးဌာနဆိုပြီးတော့ သမဝါယမဝန်ကြီးဌာနရဲ့ဆောင်ရွက်ပေးတဲ့အဓိကအပိုင်းသည် အပြင်က ဒါအလွယ်ဆုံး ဥပမာလေးတစ်ခုနဲ့ပြောမယ်ဆိုရင် ကုမ္ပဏီမှတ်ပုံတင်သကဲ့သို့ပါပဲ။ ကုမ္ပဏီတစ်ခုကနေပြီးတော့ မှတ်ပုံတင်ရမယ့်ဆီကို မှတ်ပုံတင်တယ်။ မှတ်ပုံတင်ခြင်းကိုလက်ခံတယ်။ ဒီစည်းမျဉ်း၊ စည်းကမ်းအတိုင်း လိုက်နာမှုရှိ/မရှိကို စစ်ဆေးတယ်။ ဒီသဘောပါပဲ။ ကျွန်တော်တို့ သမဝါယမဦးစီးဌာနကနေတော့ မိမိကိုမှတ်ပုံတင်လာတဲ့၊ စောစောက ကျွန်တော်ရဲ့ဖြေကြားချက်ထဲမှာပါတဲ့အတိုင်းပါပဲ။ သူတို့တွေသည် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်ပါတယ်။ စည်းမျဉ်း၊ စည်းကမ်းနဲ့မညီညွတ်ဘူးဆိုရင် သမဝါယမအသင်းဟု မှတ်ပုံတင်ပြီးဆောင်ရွက်နေတဲ့ ဒီအသင်းကို ကျွန်တော်တို့စည်းမျဉ်း၊ စည်းကမ်းနဲ့မညီညွတ်တဲ့အတွက် ပယ်ဖျက်ဖို့ ကျွန်တော်တို့ဆောင်ရွက်မှာဖြစ်ပါတယ်။ သမဝါယမအသင်းတစ်ခုချင်းစီရဲ့ ဆိုင်းဘုတ်တင်ခြင်း/မတင်ခြင်းကတော့ဦးအောင်ကျော်ကျော်ဦးပါဝင်နေတဲ့ ဒီသမဝါယမအသင်းမှာပါဝင်တဲ့ စောစောက ကျွန်တော်ပြောတဲ့အရပ်ရပ်ဆိုင်ရာအစည်းအဝေး(General Meeting)ကနေ အဆုံးအဖြတ်ပြုပြီးတော့ မိမိတို့အနေနဲ့ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ မိမိဝန်ကြီးဌာနအနေနဲ့တော့ Power သည် သူတို့တစ်တွေရဲ့ လုပ်နည်းလုပ်ဟန်၊ စည်းမျဉ်း၊ စည်းကမ်း ကိုက်ညီမှု/မညီမှုကိုသာ စောစောကပြောတဲ့ ခြောက်လပတ်တစ်ကြိမ်စစ်ဆေးတဲ့စစ်ဆေးချက်များကနေ လမ်းညွှန်ပေးမှာဖြစ်ပါတယ်။ ဒီဟာကို ဦးအောင်ကျော်ကျော်ဦး

အနေနဲ့ ဆိုင်းဘုတ်များမရှိခဲ့တဲ့အတွက် တိုက်တွန်းပေးစေချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ သမဝါယမဦးစီးဌာနအနေနဲ့ ဒီဆိုင်းဘုတ်များဟာ ပြည်သူတွေအထင်အရှားသိသင့်တဲ့အတွက် ဆိုင်းဘုတ်များကိုတပ်ပေးဖို့အတွက် ညွှန်ကြားချက်ကို ထုတ်ပြန်ပေးနိုင်ပါတယ်။ ဒီလောက်ကတော့။ ဒါပေမဲ့လည်းပဲ တကယ့်ဆုံးဖြတ်ပိုင်ခွင့်ကတော့ သက်ဆိုင်ရာမှာရှိနေတဲ့၊ စောစောကပြောတဲ့ General Meeting မှာပဲ၊ အရပ်ရပ်ဆိုင်ရာအစည်းအဝေးမှာ သမဝါယမအသင်းမှာပါနေတဲ့၊ အရပ်ရပ်ဆိုင်ရာအစည်းအဝေးမှာရှိနေတဲ့ ဦးအောင်ကျော်ကျော်ဦးကိုယ်တိုင်လည်းပဲ Member တစ်ဦးဖြစ်တဲ့အတွက် အဲဒီမှာဝင်ပြီးတော့ ဒီအဖွဲ့အစည်းကြီးထဲမှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့၊ General Meeting ရဲ့အသင်းသားတစ်ယောက်ဖြစ်တယ်ဆိုတဲ့အကြောင်းတင်ပြရင်း ကျွန်တော်ရဲ့ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပင်လောင်းမြို့ရှိ ရင်းမှီးရပ်ကွက်နှင့် ကိုးခေါင်ရပ်ကွက်၊ နောင်တရားမြို့ရှိ မြို့ဧရိယာ(၂၇၀၉)ဧကနှင့် ရပ်ကွက်(၃)ရပ်ကွက်၊ ပေါင်းလောင်းမြို့ရပ်ကွက်(၆)ရပ်ကွက်တို့အား မြို့ကွက်များဖြင့် စနစ်တကျတည်ရှိနိုင်ရေး ကွက်စိပ်/ကွက်ကြဲတိုင်းတာပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအား ဦးစွာရိုသေဂါရဝပြုပါရစေ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လောင်းမြို့နယ်အတွင်းရှိမြို့များအား ကွက်စိပ်/ကွက်ကြဲတိုင်းတာပေးရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းသိစေဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ဦးစွာ ပင်လောင်းမြို့နယ်ဖွဲ့စည်းမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁ အရ ကျေးရွာများ၊ ကျေးရွာအုပ်စုများ၊ မြို့များစုစည်းပြီးတော့မှ မြို့သုံးမြို့၊ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၄၃၂ ရွာဖြင့် စုစည်းပြီးတော့မှ ဖွဲ့စည်းထားသောမြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ ဆိုလိုရင်းကတော့ ပင်လောင်းမြို့နယ်တွင် ကျေးရွာအုပ်စုများအပြင် မြို့သုံးမြို့ပါ ဖွဲ့စည်းထားခြင်းကို ဆိုလိုခြင်းပဲဖြစ်ပါတယ်။ အဆိုပါ မြို့သုံးမြို့မှာ ပင်လောင်းမြို့၊

နောင်တရားမြို့နှင့် ပေါင်းလောင်းမြို့တို့ ဖြစ်ပါတယ်။ (၁) ပင်လောင်းမြို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၁-၂-၂၀၀၃ ခုနှစ်အမိန့်ကြော်ငြာစာပါအရ ရပ်ကွက် ၁၀ ရပ်ကွက်ဖြင့်ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ပြန်လည်ဖွဲ့စည်းတဲ့နေရာမှာ တိုင်းတာခြင်းမပြုရသေးသော ရင်းမှီးရပ်ကွက်နှင့် ကိုးခေါင်ရပ်ကွက်မှာ အိမ်ခြေပေါင်း ၇၁၂ အိမ် ကျန်ရှိနေပါ တယ်။ (၂) နောင်တရားမြို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၁-၁-၂၀၀၃ ခုနှစ်ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ရပ်ကွက်(၃)ရပ်ကွဖြင့် ဖွဲ့စည်းထားပြီးတော့မှ တိုင်းတာခြင်းလုံးဝမပြုလုပ်ရသေးပါဘူး။ အိမ်ခြေပေါင်း ၉၀၁ အိမ်နှင့်မြို့ဧရိယာ ၂၇၁၉ ဧက တိုင်းတာရန်ကျန်ရှိနေပါသေးတယ်။ ဒီမြို့က ယခင်က မြို့နယ်ခွဲဖြစ်ပြီးတော့မှ အစိုးရရုံးစိုက်တဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ (၃) ပေါင်းလောင်းမြို့ဟာ ပြည်ထဲရေး၏ ၂၃-၆-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ရပ်ကွက်(၆)ရပ်ကွက်နှင့် ဖွဲ့စည်းပေးခြင်းဖြစ်ပါတယ်။ ပေါင်းလောင်းမြို့ဆိုတာကတော့ နေပြည်တော်နှင့်ပင်လောင်းမြို့အကြားရှိ ဟိုကုန်းရွာကို ဗဟိုပြုပြီးတော့မှ အထက်ပေါင်းလောင်းရေအားလျှပ်စစ်တမံတည်ဆောက်တဲ့နေရာမှာ ရေဝပ်ဧရိယာကို ရောက်ရှိသွားတဲ့ ကျေးရွာပေါင်း ၂၂ ရွာကိုစုစည်းပြီး မြို့အဖြစ်တည်ထောင်ပေးထားသော မြို့သစ်ကိုဆိုလိုခြင်းပဲ ဖြစ်ပါတယ်။ ထင်ရှားသော လိန်းလီကြိုးတံတားကလည်း ဒီဒေသမှာရှိတာဖြစ်ပါတယ်။ အဆိုပါ မြို့များကိုလည်း ကွက်စိပ်/ကွက်ကြဲများ တိုင်းတာခြင်း မပြုလုပ်ရသေးပါဘူး။

ဒါကြောင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီတည်ထောင်လာသည်နှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ဟာလည်းပဲ တစ်စတစ်စပိုမိုပြီးတော့ကျယ်ပြန့်လာတယ်။ ပြည်သူ့အစိုးရလက်ထက်တွင်လည်းပဲ ပိုမိုပွင့်လင်းလာပြီးတော့မှ ပွင့်လင်းလာပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုများလာပါတယ်။ ပိုင်ဆိုင်မှုအငြင်းပွားမှုတွေဟာလည်းပဲ ပို၍ပို၍ရှုပ်ထွေးလာမှာ ဧကန်မလွဲဖြစ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ကိစ္စများမြောင်လှတဲ့ မြို့သာယာလှပရေး၊ ဖွံ့ဖြိုးရေးဆောင်ရွက်တဲ့အခါမှာ ကျေးရွာများအနှောင့်အယှက်များဖြစ်ပေါ်စေခြင်း၊ နှောင့်နှေးကြန့်ကြာစေမှုများကို ဖြစ်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းမှာ တင်ပြပါမြို့သုံးမြို့သည် ပင်လောင်း၊ နောင်တရားနှင့် ပေါင်းလောင်းမြို့များအား မြို့ကွက်များစနစ်တကျရှိစေရေးအတွက် ကွက်စိပ်/ကွပ်ကြဲတိုင်းတာပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက လိုအပ်သော ဝန်ထမ်းအင်အားစုဖွဲ့နှင့်ဘတ်ဂျက်လျာထားချက်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ထားခြင်း

ရှိ/မရှိသိလိုကြောင်း မြို့သူမြို့သားများရဲ့ကိုယ်စား လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်မောင်သောင်းရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီလိုဖြေကြားတဲ့နေရာမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ဖြေကြားချက်နှင့်အတူ ပူးတွဲဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြို့မြေတိုင်းတာခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ပိုင်ဆိုင်မှုပြဿနာ၊ နယ်နိမိတ်ပြဿနာများပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်ဖို့ရန်အတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ(နယ်သတ်ဝန်)နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ(နယ်ခြားဝန်)တို့ကို ခန့်ထားဆောင်ရွက်ဖို့ရန်အတွက် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေနယ်သတ်အက်ဥပဒေပုဒ်မ ၂ မှာ နိုင်ငံတော်အစိုးရမင်းတို့က မည်သူကိုမဆို အမည်သညာဖြင့်ဖြစ်စေ၊ ရာထူးဌာနန္တရ အလျောက်ဖြစ်စေ၊ နယ်ခြားဝန်နှင့်နယ်သတ်ဝန်များဖြစ်စေရန်၊ အခါကာလအားလျော်စွာခန့်ထားခွင့်ရသည်ဟု ပြဋ္ဌာန်းထားပါသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်များအတွင်းမှာရှိတဲ့ မြို့များမှအပ မြန်မာနိုင်ငံမှာရှိတဲ့ ကျန်မြို့နယ်များအားလုံးတို့အတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ(နယ်သတ်ဝန်) အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကိုလည်းကောင်း၊ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ(နယ်ခြားဝန်)အဖြစ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးများကိုလည်းကောင်း၊ သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုင်းတာမည့်မြို့၊ နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်နိမိတ်ကြပ်မတ်ရေး အရာရှိတို့ရဲ့အမည်စာရင်း၊ ရန်ပုံငွေကျခံသုံးစွဲမည့်အစီအမံတို့နှင့်အတူတင်ပြလာပါက မိမိရဲ့ဝန်ကြီး

ဌာနအနေနဲ့ပြည်ထဲရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရရဲ့ကိုယ်စား ဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခန့်ထားဆောင်ရွက်လျက်ရှိပါတယ်။

နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့က ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်အက်ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါလုပ်ငန်းအဆင့်ဆင့်တို့ကို စနစ်တကျဆောင်ရွက်ရပေးရပါတယ်။ (က) ပဏာမနယ်နိမိတ်သတ်မှတ်ခြင်းနှင့် မြေတိုင်းတာခြင်း၊ (ခ) ပိုင်ဆိုင်ခွင့်စုံစမ်းခြင်းနှင့် နောက်ဆုံးနယ်နိမိတ်သတ်မှတ်ခြင်း၊ (ဂ) မြေပြင်တိုင်းတာခြင်း၊ (ဃ) မြေပိုင်ဆိုင်မှုစာရင်းများပြုစုခြင်း၊ (င) မြေတိုင်းအကွက်(Block)အလိုက်၊ မြေတစ်ကွက်ချင်း မြေကွက်အလိုက် သတ်မှတ်ပုံစံများဖြင့် ပိုင်ဆိုင်ခွင့်စုံစမ်းမှုပြုလုပ်ပြီး ဦးပိုင်ခွဲခြင်း၊ မြို့မြေယာစာရင်းရေးဆွဲခြင်းတို့ပဲ ဖြစ်ပါတယ်။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိကတော့ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေနယ်သတ်အက်ဥပဒေပုဒ်မ ၄ မှ ပုဒ်မ ၁၀ အထိ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပဏာမနယ်နိမိတ်သတ်မှတ်ခြင်းနှင့် မြေတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပြီး နယ်နိမိတ်သတ်မှတ်ရေးအရာရှိဟာ ပိုင်ဆိုင်ခွင့်စုံစမ်းစစ်ဆေးတဲ့အရာရှိဖြစ်ပါတယ်။ မြေနယ်သတ်အက်ဥပဒေ ပုဒ်မ ၁၁ မှ ပုဒ်မ ၁၅ ထိ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရမြေကိုကျူးလွန်ခြင်းများ အစိုးရမြေနှင့်မြေလက်ရှိဖြစ်သူများအတွက် အငြင်းအခုံဖြစ်ခြင်းကို တိကျစွာဆုံးဖြတ်နိုင်ဖို့ရန်အတွက် ဦးပိုင်နယ်နိမိတ်များ သေချာစွာမှတ်သားခြင်းမရှိတဲ့မြေများပေါ်မှာ အမှတ်အသားများစိုက်ထူပြီး ဦးပိုင်နယ်နိမိတ်သတ်မှတ်ဆောင်ရွက်ရပါတယ်။

မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်အက်ဥပဒေ ပုဒ်မ ၂ အရ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့ကို ခန့်အပ်တာဝန်ပေးပြီး၊ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့ရဲ့ စီမံမှုများအရဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်သည့်အတွက် ခွင့်ပြုချက်ရရှိပြီးမှသာလျှင် မြေတိုင်းတာရန်အတွက် ရန်ပုံငွေများကို တင်ပြတောင်းခံရပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိတဲ့အပေါ်မူတည်ပြီး လုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။ ဒါကတော့ ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်အဆင့်ဆင့်ကို တင်ပြခြင်းပဲဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်အပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ဖြေကြားချက်ကို အောက်ပါအတိုင်းပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ (က) တောင်ကြီးခရိုင်၊ ပင်လောင်းမြို့ကို မူလရပ်ကွက်ခြောက်ရပ်ကွက်ဖြင့် ဖွဲ့စည်းထားတဲ့

နေရာကနေပြီးတော့ ကန်သာဦးရပ်ကွက်၊ မင်္ဂလာကွက်သစ်ရပ်ကွက်၊ ကိုးခေါင်ရပ်ကွက်၊ ရင်းမှီးရပ်ကွက်လေးခုတို့ကို ထပ်မံတိုးချဲ့ပြီး ရပ်ကွက် ၁၀ ခု အဖြစ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ၁၅-၁-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအရလည်းကောင်း၊ နောင်တရားမြို့ကိုတော့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၁-၂-၂၀၀၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအရလည်းကောင်း၊ ပေါင်းလောင်းမြို့ကိုတော့ ရပ်ကွက်(၁)၊ ရပ်ကွက်(၂)၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၄)၊ ရပ်ကွက်(၅)၊ ရပ်ကွက်(၆)တို့ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၃-၆-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၀၁/၂၀၁၅)အရလည်းကောင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ပင်လောင်းမြို့၊ နောင်တရားမြို့နှင့် ပေါင်းလောင်းမြို့တို့မှာ မြို့မြေခွန်စည်းကြပ်ကောက်ခံနိုင်ရေးအတွက် မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ရာအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၁၂-၁၀-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၁/၂၀၁၆)ဖြင့် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေနယ်သတ်အက်ဥပဒေပုဒ်မ ၂ အရ ပင်လောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ်လည်းကောင်း၊ ပင်လောင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီး ဌာနမှူးကို နယ်နိမိတ်ကြပ်မတ်ရေးအရာရှိအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်ခဲ့ပြီးဖြစ်ပါတယ်။

ယင်းအမိန့်ကြော်ငြာစာအရ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်ပါတဲ့အတွက် မြို့မြေခွန်စည်းကြပ်နိုင်ရေးအတွက် မြေတိုင်းတာရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအနေနဲ့ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၅-၁၀-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁/၃၁-၁(၄၇၃)/ဦး ၁ (အထဥ)ဖြင့် တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပင်လောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အကြောင်းကြားထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်အတွင်းမှာ ကွက်စိပ်/ကွက်ကြဲတိုင်းတာသတ်မှတ်ခြင်းလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာကုန်ကျမည့်ခန့်မှန်းကုန်ကျစရိတ်ကိုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာသုံးစွဲခွင့်ပြုမိန့်ရရှိနိုင်ရေးအတွက် စနစ်တကျတွက်ချက်တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း

နှင့်ခွင့်ပြုမိန့်ရရှိပါက ကွက်စိပ်/ကွက်ကြဲတိုင်းတာခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်တဲ့အကြောင်း ပြန်ကြားအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိတဲ့ မြို့များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လောင်းမြို့နယ်မှာရှိတဲ့ ရင်းမှီးရပ်ကွက်နှင့်ကိုးခေါင်ရပ်ကွက်၊ နောင်တရားမြို့ရှိ မြို့ဧရိယာ ၂၇၁၉ ဧက နှင့် ရပ်ကွက်(၃) ရပ်ကွက်၊ ပေါင်းလောင်းမြို့ရပ်ကွက်(၆)ရပ်ကွက်တို့ကို မြို့ကွက်များစနစ်တကျ တည်ရှိရေးကို ကွက်စိပ်/ကွက်ကြဲတိုင်းတာခြင်းလုပ်ငန်းကို အထက်ဖော်ပြပါပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ရဲ့စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိမိရဲ့ဝန်ကြီးဌာန အနေနဲ့လည်းလိုအပ်တဲ့ နည်းပညာတို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်းတံတားများ စနစ်တကျနေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အဆင့်မြင့် လယ်ယာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ်အကောင်အထည်ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသောင်းအေး အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေ နဲ့

ပြည်သူတွေရဲ့ဘဝကို ဆင်းရဲနိမ့်ကျနေတဲ့အခြေအနေကနေ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ အထောက်အကူပြုစေဖို့အတွက် အဆိုတစ်ရပ်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ကျွန်တော့်ရဲ့အဆိုဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများရဲ့လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်း၊ တံတားများ စနစ်တကျနေရာချထားပြီးတော့ မြေငှားဂရန်ပြုလုပ်ပေးရန်နှင့် အဆင့်မြင့်လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စီမံချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုပဲဖြစ်ပါတယ်။ ဒီအဆိုကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် အပိုင်းနှစ်ပိုင်းနဲ့ အဓိကလုပ်ငန်းစဉ် လေးရပ်ပါရှိပါတယ်။ ဒီအဆိုတင်သွင်းရတဲ့အကြောင်းရင်းကတော့ လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်တဲ့ ကျေးလက်နေပြည်သူတွေရဲ့ဘဝကို ဆင်းရဲမှုလျှော့ချပြီးတော့ လူနေမှုအဆင့်မြင့်မားလာအောင် ဆောင်ရွက်ရမယ့်လုပ်ငန်းတစ်ရပ် မဖြစ်မနေလိုအပ်ပါတယ်။ ဒီလုပ်ငန်းစဉ် ပိုမိုထိရောက်အောင်မြင်စေဖို့ လက်ရှိပကတိအခြေအနေကို မှန်ကန်စွာရှုမြင်သုံးသပ်ပြီး ကောင်းမွန်တဲ့ ဆုံးဖြတ်ဆောင်ရွက်ချက်ဖြစ်ပေါ်လာစေဖို့ ဆန္ဒနဲ့အဆိုတင်သွင်းခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ နိုင်ငံတော်အစိုးရရဲ့နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးမှု တည်ဆောက်ရေးလုပ်ငန်းများစွာထဲမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျေးရွာအလိုက် ကျေးလက်မြေဂရန်ပြုလုပ်ပေးနေသလို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်းပဲ ၂၀၃၀-၂၀၃၁ နှစ်ကုန်မှာ ကျေးလက်လမ်းအားလုံး ရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေဖြစ်အောင် ဆောင်ရွက်နေပြီးတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်းပဲ ၂၀၃၀ ခုနှစ်မှာ ကျေးလက်ဒေသအားလုံး လျှပ်စစ်မီးရရှိရေးကို အလေးထားဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းတွေ ပိုမိုပြီးတော့ အကျိုးဖြစ်ထွန်းအောင် ဒီအဆိုကိုတင်သွင်းတာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူတွေရဲ့ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုအဆင့်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ကတော့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ စီးပွားရေးလုပ်ငန်းများကောင်းမွန်ပြီးတော့ ဝင်ငွေတိုးတက်ရရှိရေးပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဒီအခြေခံလိုအပ်ချက်တွေကို ဝန်ကြီးဌာနအလိုက် နိုင်ငံတော်ဘတ်ဂျက်ကနေ ငွေလုံးငွေရင်းတွေ၊

သာမန်အသုံးစရိတ်တွေ ခွဲဝေပြီးတော့ သုံးစွဲလျက်ရှိပါတယ်။ သို့သော်လည်းပဲ တိုးတက်ဖြစ်ထွန်းဖြစ်ပေါ်နေတဲ့ အခြေခံအဆောက်အဦတွေဖြစ်တဲ့ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ၊ လမ်းတွေ၊ တံတားတွေ၊ ရေတွင်းတွေ၊ ရေကန်တွေ၊ ရေပေးဝေတဲ့စနစ်တွေ၊ လျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းတွေဟာ လက်ရှိကျေးလက်များရဲ့ ဘိုးဘွားအစဉ်အဆက်နေထိုင်လာခဲ့ကြတဲ့ လမ်း၊ တံတား၊ ရွာဟောင်းပုံစံ၊ လူနေအိမ်ခြေ၊ စိုက်ပျိုးမြေ၊ ကုန်ထုတ်မြေအတိုင်းသာဆောင်ရွက်နေကြခြင်းဖြစ်တဲ့အတွက် အကျိုးဖြစ်ထွန်းသင့်သလောက် ဖြစ်ထွန်းမလာတာကို သုံးသပ်တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လက်ရှိကျေးရွာများရဲ့လူနေမှုပုံသဏ္ဌာန်ကို တင်ပြပါအတိုင်းတွေ့မြင်နိုင်ပါတယ်။ ပျော်ဘွယ်မြို့နယ်က ကျေးရွာတစ်ရွာရဲ့မြေပုံဖြစ်ပါတယ်။ ဒီမြေကွက်ပေါ်မှာ အိမ်ရာတွေ သင့်တော်သလို စုစည်းတည်ဆောက်ထားတဲ့ အနေအထားပဲဖြစ်ပါတယ်။ ဒါဟာ မြေစာရင်းဦးစီးဌာနက ကွန်ပျူတာနဲ့ပုံထုတ်ထားတာဖြစ်ပါတယ်။ ဒီလိုအနေအထားဖြစ်တဲ့အတွက် နေအိမ်များရဲ့ဥပစာ၊ အိမ်ရှေ့၊ အိမ်နောက် သင့်သလိုတည်ရှိနေပြီးတော့ အိမ်သာတွေ၊ နွားခြံတွေအပါအဝင် လူမှုရေး၊ စီးပွားရေး၊ အဆောက်အအုံတွေဟာလည်း လူမှုရေး၊ ကျန်းမာရေးနှင့် မညီညွတ်တဲ့အနေအထား ဖြစ်နေတာ တွေ့ရမှာပါ။ ကျေးရွာရွာတွင်းလမ်းတွေကလည်း ဖြောင့်တန်းမှုမရှိသလို သင့်တော်တဲ့အကျယ်အဝန်းမရှိဘဲနဲ့ တချို့ရွာတွေမှာဆိုရင် ရွာတွင်းလမ်းတောင်မရှိဘဲနဲ့ နေအိမ်တစ်အိမ်နဲ့တစ်အိမ် ဖြတ်သန်းသွားလာနေရတဲ့ အနေအထားဖြစ်နေတာ ကိုယ်စားလှယ်ကြီးများအားလုံးလည်း သိမြင်ကြမှာပါ။ ဒါကြောင့်မို့လို့ သွားလာမှုတွေခက်ခဲပါတယ်။ ရေစီးရေလာမကောင်းတဲ့အတွက် ရွာထဲမှာလည်း ညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ ဒီအခြေအနေပေါ်မှာ အခြေခံပြီးတော့လည်း လျှပ်စစ်သွယ်တန်းမှု၊ ရေဖြန့်ဝေမှုစနစ်တွေဟာလည်း အဆင့်အတန်းမီမီ ဆောင်ရွက်မပေးနိုင်တာ တွေ့ရပါတယ်။ ရွာတွင်းလမ်းတွေ၊ ရွာချင်းဆက်လမ်းတွေနဲ့ ကျေးရွာနဲ့မြို့ပြဆက်သွယ်တဲ့လမ်းတွေကလည်းပဲ လက်ရှိလူလမ်း၊ လှည်းလမ်းပေါ်မှာမူတည်ပြီး ဖောက်လုပ်ထားတဲ့အတွက် ကွေ့ကောက်ပြီးတော့ သွားလာမှုခရီးတာကလည်း လိုအပ်တာထက် ပိုပြီးတော့ကြာပါတယ်။ နောက်လမ်းမီးသွယ်တန်းတဲ့အခါမှာလည်း ကွေ့ပတ်ပြီးတော့ သွယ်တန်းရတဲ့အတွက် ကုန်ကျစရိတ်တွေများပြီး စနစ်တကျမရှိတာတွေ့ရပါတယ်။ တင်ပြပါပုံကတော့ ပျော်ဘွယ်မြို့နယ်က ရွာတစ်ရွာရဲ့လမ်းမကြီးနဲ့ဆက်သွယ်တဲ့လမ်း ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အဖြောင့်ဖောက်လိုက်မယ်ဆိုရင် ၄ ဖာလုံလောက်သက်သာသွားမှာ တွေ့ရပါတယ်။ ဒီလိုကျေးရွာပေါင်းများစွာနိုင်ငံတော်မှာ ရှိပါတယ်။ ဒီလို သက်သာမှုတွေကို တွက်ချက်ပြီးတော့ ကြည့်မယ်ဆိုရင် နိုင်ငံတော်ဘတ်ဂျက်မြောက်မြားစွာဟာ လက်ရှိအခြေအနေမှာ ဆုံးရှုံးနေတယ်လို့ တွေ့မြင်ရမှာဖြစ်ပါ

တယ်။ ဒ့ါအပြင် ဒီကျေးရွာတွေရဲ့ စာသင်ကျောင်းတွေနဲ့ ကျေးလက်ဆေးပေးခန်းဌာနတွေကလည်းပဲ ကျေးရွာ၊ ကျေးရွာအုပ်စုအလိုက် သွားလာမှုလွယ်ကူတဲ့နေရာ၊ အချက်အချာကျတဲ့နေရာမှာမရှိဘဲနဲ့ ရတဲ့မြေနေရာမှာသာ ဆောက်လုပ်ထားတဲ့အတွက် ပညာသင်ကြားမှု၊ သင်ယူမှု၊ ကျန်းမာရေး ဆေးကုသ ခံယူမှုတွေက အပြည့်အဝမလုပ်ဆောင်နိုင်တာကို သတိပြုမိကြမှာပါ။ ဒီအခြေအနေတွေဟာ လက်ရှိ နိုင်ငံတော်ရဲ့ ကျေးရွာအများစုတည်ရှိရာလူနေပုံသဏ္ဌာန်များဖြစ်ပါတယ်။ နိုင်ငံတော်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သမဝါယမချေးငွေတွေ၊ စိုက်ပျိုးရေးစရိတ်တွေ၊ မြစိမ်းရောင် စီမံကိန်းတွေ၊ လူထုဗဟိုပြုလုပ်ငန်းတွေနဲ့ ဆောင်ရွက်ပေးနေသလို ဝန်ကြီးဌာနအသီးသီးကလည်း ကဏ္ဍအလိုက် ဘဏ္ဍာငွေတွေခွဲဝေပြီး ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်ကလည်း ပြည်ထောင်စုရန်ပုံငွေခွဲဝေပြီးတော့လုပ်ဆောင်နေပါတယ်။ ဒါပေမဲ့လည်း ထိရောက်တဲ့ အကျိုးကျေးဇူးဖြစ်ထွန်းမှုအားနည်းတာကို သုံးသပ်တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်နေပြည်သူများရဲ့ လူမှုဘဝတိုးတက်ဖို့အတွက် အခြေခံဖြစ်တဲ့ ကျေးရွာများရဲ့လူနေအိမ်ခြေ နဲ့ စိုက်ပျိုးမြေတွေ၊ လမ်း၊ တံတားတွေ၊ ဒါတွေကို စနစ်တကျ ပုံစံချတည်ဆောက်ပေးဖို့ လိုအပ်နေပါ တယ်။ ဒီလိုစနစ်တကျတည်ဆောက်ပေးပြီးလို့ရှိရင် အိမ်မြေဂရန်တွေလည်း စနစ်တကျထုတ်ပေးဖို့ လိုအပ်ပါတယ်။ ကျေးလက်နေပြည်သူတွေကို အိုးပိုင်၊ အိမ်ပိုင်၊ မြေပိုင်ဘဝနဲ့ အဆင့်တစ်ဆင့်ရရှိခံစား နိုင်အောင် ဆောင်ရွက်ပေးဖို့ အချိန်တန်ပြီလို့ ကျွန်တော်တင်ပြလိုပါတယ်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ အမျိုးသား မြေအသုံးချမှုမူဝါဒအကြံပြုချက်စာပိုဒ် ၄ စာပိုဒ်ခွဲ(ခ) စာပိုဒ်ခွဲငယ်(၁) စာပိုဒ်ခွဲငယ်စိတ်(ငင)မှာ ဖော်ပြ ထားသလို နိုင်ငံတော်သည် နိုင်ငံတော်အတွင်းရှိ မြေအားလုံးရဲ့ပင်ရင်းပိုင်ရှင်ဖြစ်တယ်။ နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့အကျိုးစီးပွားအတွက် လိုအပ်ရင် နိုင်ငံတော်သည် မြေကိုသိမ်းဆည်းပြီး စီမံခန့်ခွဲရမယ် လို့ ဖော်ပြထားတာတွေ့ပါတယ်။ ဒီအဆိုအတိုင်း အမျိုးသားမြေဥပဒေ ပေါ်ပေါက်လာမယ်ဆိုရင် အခု ကျွန်တော်တင်ပြခဲ့တဲ့လုပ်ငန်းစဉ်တွေကို ထိရောက်စွာဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော်တင်ပြ လိုပါတယ်။ ကျေးလက်နေလူထုရဲ့ လူနေအိမ်ခြေတွေ၊ ကျေးလက်လမ်း၊ တံတားတွေ စနစ်တကျ ဖြစ်ပေါ်လာတဲ့အခါမှာ ကျေးရွာအလိုက်လျှပ်စစ်သွယ်တန်းမှုတွေ၊ ရေဖြန့်ဝေပေးမှုတွေလည်း စနစ် တကျဖြစ်ပေါ်လာမှာပါ။ တစ်အိမ်နဲ့တစ်အိမ်၊ တစ်ရွာနဲ့တစ်ရွာ၊ တစ်နေရာနှင့်တစ်နေရာ ဖြောင့်တန်းတဲ့ လမ်းတွေကနေ အချိန်ကုန်၊ လူပင်ပန်းမှု ကင်းဝေးစွာနဲ့ သွားလာရောင်းဝယ်ဆက်သွယ်ဆောင်ရွက်နိုင်

**မူကြမ်း**

မှာ ဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ပေးနိုင်မှာသာ ကျေးလက်နေပြည်သူတွေရဲ့ လူနေမှုဘဝဟာ တိုးတက်လာမှာဖြစ်ပါတယ်။ ကျေးလက်နှင့် မြို့ပြရဲ့ကွာဟမှုဟာလည်း ကျဉ်းမြောင်းသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒုတိယပိုင်းအနေနဲ့ ကျေးလက်နေပြည်သူလူထုရဲ့ဆင်းရဲမှုလျှော့ချဖို့အတွက် လုပ်ငန်းစဉ်တွေထဲမှာတော့ ကျေးလက်ဒေသအလိုက် သူတို့နဲ့နီးစပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို ဝင်ငွေပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျေးလက်ဒေသများရဲ့အဓိက စီးပွားရေးလုပ်ငန်းဟာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေကို အဆင့်မြင့်လယ်ယာလုပ်ငန်းနဲ့ အဆင့်မြင့်မွေးမြူရေးလုပ်ငန်းအဖြစ် အစိုးရ၊ သမဝါယမ၊ ပုဂ္ဂလိကတို့ ပေါင်းစည်းပြီး ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါ့အပြင်ကျေးရွာအသီးသီးမှာ ရှိတဲ့ တစ်ပိုင်တစ်နိုင်နဲ့ တစ်မိသားစုချင်းထူထောင်ထားတဲ့ကုန်ထုတ်လုပ်ငန်းတွေကိုလည်း အဆင့်မြင့်ကုန်ထုတ်လုပ်ငန်းတွေအဖြစ် နည်းပညာနှင့် အရင်းအနှီးတွေ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဈေးကွက်နှင့်ချိတ်ဆက်ကာ ဝင်ငွေတိုးတက်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေသအတွင်းဖြစ်ထွန်းအောင်မြင်နေတဲ့ ဒေသထွက်ကုန်ပစ္စည်းတွေ၊ ကောက်ပဲသီးနှံတွေ၊ တိရစ္ဆာန်အမျိုးအစားတွေ၊ ဒီအပေါ်မူတည်ပြီးတော့ အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းတွေကိုလည်း မြို့နယ်အလိုက် လေ့လာသုံးသပ်ပြီး စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့လိုပါတယ်။ ကမ္ဘာမှာ တခြားသော ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဒေသတစ်ခု ထွက်ကုန်တစ်ခုစနစ်နဲ့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒါတွေကိုလည်း လေ့လာပြီးတော့ ဆောင်ရွက်ဖို့ သင့်ပါတယ်။ ဒါမှသာ ကျေးလက်နေပြည်သူများရဲ့တစ်ဦးချင်း ဝင်ငွေတွေတိုးတက်မြင့်မားလာပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ကာ ဆင်းရဲမှုကို လျှော့ချလာနိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ဆရာတော်တစ်ပါးမိန့်ကြားထားတာရှိပါတယ်။ ဖြစ်သလိုနေရင် နေသလိုပဲ ဖြစ်မယ်တဲ့။ ဒီတော့ ကျွန်တော်တို့ကျေးလက်နေပြည်သူတွေရဲ့ဘဝ ဖြစ်သလိုနေပြီး နေသလိုဖြစ်နေတဲ့ အကြောင်းအချက်တွေကို ယခုလိုလေ့လာသုံးသပ်ပြီးတော့ ဆင်းရဲတွင်းထဲက လွတ်ကင်းအောင် ဆောင်ရွက်ကြဖို့လိုအပ်နေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျေးလက်နေပြည်သူတွေရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများရဲ့လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ကျေးလက်အိမ်ရာနှင့်လမ်းတံတားများ စနစ်တကျနေရာချထားပြီး မြေငှားဂရန်တွေ ပြုလုပ်ပေးဖို့နှင့် အဆင့်မြင့်လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် အသေးစား၊

အလတ်စားကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှ တစ်ဆင့် လေးစားစွာတင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းအေး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးမည့် မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းဖြစ်ပါတယ်ခင်ဗျား။ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ ဝင်ငွေအခြေပြုလူတန်းစားအလွှာကို လေ့လာတဲ့အခါမှာ ဆင်းရဲမှုအလွှာနှင့် ချမ်းသာမှုအလွှာဟာ အင်မတန်နည်းပါးပြီး အလယ်အလတ်ဝင်ငွေလူတန်းစားအလွှာကသာ အများဆုံးဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီပုံသဏ္ဍာန်ကို စိန်ပုံသဏ္ဍာန်ဝင်ငွေအလွှာရှိတယ်လို့ ဆိုလိုပါတယ်။ စိန်ပုံသဏ္ဍာန်မှာ အလယ်အလတ်လူတန်းစား အလွှာက ဘေးကိုအလွန်ကားထွက်ပြီးတော့ အပေါ်မှာချွန်ထွက်နေတဲ့ ချမ်းသာမှုအလွှာနဲ့ အောက်က ဆင်းရဲတဲ့အလွှာဟာ အလွန်နည်းပါးကြောင်းကို တွေ့ရှိရပါတယ်။ ထို့အတူ ဖွံ့ဖြိုးမှုအလွန်နည်းတဲ့ နိုင်ငံတွေရဲ့လူနေမှုပုံသဏ္ဍာန်ကတော့ တြိဂံပုံသဏ္ဍာန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဆင်းရဲမှုလူ့အလွှာကအောက်ခြေမှာအလွန်များပြားပြီး ဝင်ငွေအလယ်အလတ်ရှိတဲ့အလွှာကတော့ အလွန် နည်းပါးတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ကျော်ဟာ ကျေးလက်မှာနေထိုင်ကြတာမို့ အဲဒီကျေးလက်ဒေသအဓိကဖွံ့ဖြိုးရန်လိုအပ်ပါတယ်။ ကျေးလက်လူတန်းစားအလွှာဟာအလယ်အလတ်တန်းစားအလွှာသို့ တိုးတက်ရန်လိုအပ်ကြောင်းကို အဆိုရှင်ကဘက်စုံကနေ ထောက်ပြတင်ပြသွားတာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုကို ကျွန်တော်တို့မီတဲ့ခေတ်မှာ အောင်မြင်ခဲ့တဲ့ အာရှတိုက်မှနိုင်ငံနှစ်နိုင်ငံကို ဥပမာပေးပြီး ကျွန်တော့်အနေဖြင့် ထောက်ခံဆွေးနွေးလိုပါတယ်။ ပထမနိုင်ငံကတော့ ကိုရီးယားသမ္မတနိုင်ငံ ဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံထူထောင်ရေးရဲ့အစ ပထမဟာကျေးလက်ဒေသပါ။ ၁၉၇၀ ခုနှစ်ထိ အင်မတန်ဆင်းရဲမှုနွံထဲမှာရှိခဲ့တဲ့နိုင်ငံဟာ ကျေးရွာသစ်လှုပ်ရှားမထူထောင်ရေး(New Village Movement) ကိုအခြေပြုပြီးတော့ သူတို့နိုင်ငံကို ယနေ့ထိပ်တန်း

နိုင်ငံဖြစ်အောင်ဆောင်ရွက်ခဲ့ပါတယ်။ ကျေးလက်ထွက်ကုန်မြှင့်တင်ရေးနှင့် ကျေးရွာလူထုစီးပွား ဖွံ့ဖြိုး မှုကို အခြေပြုပြီးတော့ဆောင်ရွက်ခဲ့တာမို့လို့ မြို့နေလူတန်းစားက အင်မတန်အံ့ဩရတဲ့ဘဝမျိုးကို ရောက်ခဲ့ရပါတယ်။ ဒီနည်းနဲ့တဖြည်းဖြည်း ကျေးလက်ကိုအခြေပြု ဖွံ့ဖြိုးပြီးတော့မှ မြို့ရွာဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်ခဲ့တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

နောက်နိုင်ငံတစ်နိုင်ငံကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံပဲဖြစ်ပါတယ်။ လူဦးရေ ၈၀ ရာခိုင်နှုန်းရှိတဲ့ ကျေးလက်ဖွံ့ဖြိုးမှု(Rural Development)စီမံချက်ကိုစွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာကို တွေ့မြင်ရပါတယ်။ လယ်ယာထုတ်ကုန်ကို တိုးတက်အောင်ဆောင်ရွက်သလို တစ်ဘက်မှာလည်း လယ်ယာထုတ်ကုန်အခြေပြုကုန်ထုတ်လုပ်ငန်းတွေကိုပါ ပူးတွဲလုပ်ကိုင်စေခဲ့သဖြင့် တစ်တိုင်းပြည်လုံး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားခဲ့တာကို တွေ့ရှိရပါတယ်။ တစ်တိုင်းပြည်လုံး၏ ၈၀ ရာခိုင်နှုန်းရှိသော ကျေးလက်လူထုရဲ့လူမှုစီးပွားရေးဘဝဟာလည်း ဝင်ငွေ အနည်းဆုံး အောက်ခြေလူတန်းစားဘဝမှ အလယ်အလတ်ဝင်ငွေရှိ လူတန်းစားအဖြစ် ပေါ်ထွန်းလာခဲ့ ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါ နိုင်ငံနှစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်မှာ ကျေးလက် အခြေပြုနိုင်ငံဖွံ့ဖြိုးရေးဖြစ်သဖြင့် ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း ကျေးရွာအခြေပြု လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန်လိုအပ်ကြောင်း အဆိုရှင်က တင်ပြထားပါတယ်။ အဆိုရှင်က ဆက်လက်တင်ပြထားရာမှာ ကျေးလက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာမှာ ကျေးရွာသူ ကျေးရွာသားများ၏ ပညာရည်နှင့် နည်းပညာအသုံးချမှုမြင့်မားရန် လိုအပ်ကြောင်းဖြစ်ပါတယ်။ အထက်ပါ နိုင်ငံနှစ်နိုင်ငံတွင်လည်း ကျေးလက်ဖွံ့ဖြိုးရေး၊ ကျေးလက်အခြေပြုထုတ်ကုန်မြင့်မားရေး အတွက် တစ်ဖက်က ပညာရေးကတစ်ပြိုင်တည်း ပံ့ပိုးအကောင်အထည်ဖော်ခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကျေးလက်ဒေသတွင် ခေတ်မီစိုက်ပျိုးရေး၊ စိုက်ပျိုးရေးအခြေပြုကုန် ထုတ်လုပ်ငန်းထွန်းကားစေရန် စက်မှု၊ သက်မွေးနှင့် နည်းပညာ(Vocational Training)များကို ကျေးရွာအရောက်ပို့ချပေးခဲ့ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ပညာရေးကတစ်ပြိုင်တည်း ထောက်ပံ့ ကူညီခဲ့တာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ယခုအခါ ကျေးလက်ဒေသတွင် လယ်ထွန်စက်၊ ထော်လာဂျီ၊ ရိတ်သိမ်းစက်နှင့် မော်တော်ဆိုင်ကယ်များ အသုံးပြုမှုများလာပြီဖြစ်တဲ့ အတွက်ကြောင့် ကျေးလက်ပြည်သူများအနေဖြင့် ထိုစက်များကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရေးနှင့် ပျက်လျှင် ပြုပြင်နိုင်ရန် သင်တန်းများကို ကျေးရွာအရောက် ဖွင့်လှစ်ပေးရန်လိုအပ်တဲ့ အချိန်အခါ ဖြစ်ပါတယ်။ ထို့အတူ သမားရိုးကျသီးနှံများအပြင် ဝင်ငွေတိုးသီးနှံများနှင့် မွေးမြူရေးလုပ်ငန်းများ၊

ယင်းကထွက်လာတဲ့ တန်ဖိုးမြင့်လယ်ယာထုတ်ကုန်များကို ဈေးကွက်မြှင့်တင်ရေးတို့ကို ထူထောင်နိုင်ရန်အတွက်လည်း ကျေးရွာသူကျေးရွာသားများ ဈေးကွက်ရှာတတ်ရန်အတွက် ပို့ချပေးဖို့ လိုအပ်ပါမယ်။ နည်းပညာမပါလျှင် ဖွံ့ဖြိုးမှုအရှိန်နှေးကွေးမှာမို့လို့ နည်းပညာအခြေပြုကျေးလက်ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်မှသာလျှင် အရှိန်အဟုန်ဖြင့် ကျေးလက်နေပြည်သူလူထု၏ လူမှုရေး၊ ကျန်းမာရေးစသည်တို့ မြင့်မားလာမှာ ဖြစ်ပါတယ်။ ၇၀ ရာခိုင်နှုန်းသော ကျေးလက်ဒေသဖွံ့ဖြိုးမှသာလျှင် ကျွန်တော်တို့နိုင်ငံဟာလည်း ဖွံ့ဖြိုးတဲ့အဆင့်ကို ရောက်ရှိမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းသော ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်း၊တံတားများ စနစ်တကျနေရာချထားပြီး မြေငှားဂရန်များပြုလုပ်ပေးရန်နှင့် အဆင့်မြင့်လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စားထုတ်ကုန်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စီမံချက်ချ အကောင်အထည်ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုသည် နိုင်ငံဖွံ့ဖြိုးရေးအစ ကျေးလက်ကို ဗဟိုပြုပါမှလို့ ကိုရီးယားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆောင်ရွက်မှုများက သက်သေပြခဲ့ပါတယ်။ ဒါပေမဲ့ ငါးပွက်ရာ ငါးစာချပုံစံမျိုးမဟုတ်ဘဲ စနစ်တကျစီမံကိန်းရေးဆွဲချမှတ် အကောင်အထည်ဖော်ရန် လိုအပ်ပါတယ်။ ယင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးခြင်းအားဖြင့် ကျေးလက်နေ ကျေးလက်ဒေသလူဦးရေ ၇၀ ရာခိုင်နှုန်း၏ ဆင်းရဲမှုသံသရာမှ ရုန်းထွက်စေလိုသော ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် အဖိုးတန်ဘဝအတွေ့အကြုံများကို ရရှိပါလိမ့်မည်။ ထိုအကြံကောင်း၊ ဉာဏ်ကောင်းများနှင့် ဘဝအတွေ့အကြုံများသည် နိုင်ငံတော်အစိုးရက လက်ရှိအကောင်အထည်ဖော်နေသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်၏ အရှိန်အဟုန်ကို မြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ သို့ပါ၍ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်ပါကြောင်း အလေးအနက် ထောက်ခံအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)

အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးသောင်းအေး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်းတံတားများ စနစ်တကျနေရာချထားပြီး မြေငှားဂရန်များပြုလုပ်ပေးရန်နှင့် အဆင့်မြင့် လယ်ယာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ်အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၇-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့(၂၈-၁၁-

၂၀၁၆ ရက်နေ့)တွင် တင်သွင်းတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက် ချေးပေးသောပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်း အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၇ ဦးရှိပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးတဲ့အခါမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ စည်းကမ်း ချက်များကို လိုက်နာကြရန် ကြိုတင်အသိပေးပါတယ်။ ပထမဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၈-၁၁- ၂၀၁၆ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို ကျွန်တော် ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီအဆိုကိုဆွေးနွေးရခြင်း အကြောင်း အရင်းကတော့ ကျွန်တော်တို့နိုင်ငံတော်အစိုးရကနေပြီးတော့ လယ်သမားများကို စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ငွေများချေးပေးတဲ့အခါမှာ အစိုးရရဲ့ရည်ရွယ်ချက်နဲ့ တကယ့်လုပ်ငန်းလုပ်နေတဲ့ အခြေအနေတွေဟာ ကွာဟမှုတွေရှိတဲ့အတွက် ဒီအဆိုကို ကျွန်တော်ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကနေပြီးတော့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေတစ်ဆင့် လယ်သမား များကို ငွေထုတ်ချေးခဲ့တာဟာ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ကစပြီးတော့ ဒီနေ့ထိ ထုတ်ချေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုချေးယူခဲ့တဲ့နေရာမှာ ၁၉၅၃ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်ထိက မြန်မာ့စီးပွားရေးဘဏ် ရဲ့လက်အောက်ကနေပြီးတော့ ကျွန်တော်တို့ ထုတ်ချေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလိုချေးခဲ့စဉ်က ကျွန်တော်တို့ တစ်နှစ်မှ တစ်ရာခိုင်နှုန်းနဲ့ချေးခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် နောက်ပိုင်းကျတဲ့အခါကျတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ လယ်/ဆည်ဝန်ကြီးဌာနအောက် ရောက်သွားပြီးတဲ့အခါကျတော့မှ မြန်မာ့စီးပွားရေးဘဏ်ကတစ်ဆင့် ပြန်ချေးတဲ့အခါကျတော့ အချိန်ကာလအားဖြင့်ကြည့်မယ်ဆိုလို့ရှိရင် နှစ်တော်တော်ကြာကြာ ဒီနှစ်ထိ ငါးရာခိုင်နှုန်း၊ နောက်ပိုင်း ရှစ်ရာခိုင်နှုန်းထိပေးပြီးတော့ ချေးခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီလိုချေးခဲ့တဲ့ကာလမှာ ကျေးရွာမှာတာဝန်ထမ်းဆောင်နေကြတဲ့ ဘဏ်ကော်မတီတွေ ကလည်းပဲ နှစ်ကာလတွေကြာလာတဲ့အခါမှာ သူတို့ရဲ့ လုပ်ငန်းတွေဟာ တစ်ဖက်ကကျွမ်းကျင်သလို

လယ်သမားတွေအပေါ်မှာလုပ်တဲ့ အချို့လုပ်ရပ်တွေဟာ မမျှမတရှိတာကို တွေ့ရတယ်။ လုပ်ကိုင်ခွင့်ရှိတဲ့အဖွဲ့အစည်းတွေနဲ့၊ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပေါင်းပြီးတဲ့အခါကျတော့ ဧက တကယ် ၁၀၀၀ ချေးရမယ့်ဟာက ဧကတွေပိုလာပြီးတော့ သူတို့အကျိုးအတွက် လုပ်လာတာတွေကို ကျွန်တော်တို့တော်တော်များများတွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်ခင်စိုးစိုးကြည်တင်ပြသွားတဲ့ ဘဏ်ကော်မတီတွေကို စနစ်တကျပြန်လည်ပြီးတော့ ဖွဲ့စည်းဖို့ဆိုတဲ့ အချက်နဲ့ပတ်သက်လို့ကတော့ ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာအရောက်ငွေများကို ထုတ်ချေးဖို့ဆိုတဲ့ အချက်နဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့်လေး စဉ်းစားဖို့အချက်တွေပေါ်ပါတယ်။ ယခင်တုန်းကတော့ လယ်သမားတွေကို နိုင်ငံတော်က ပေးတဲ့ငွေဟာ နည်းပါးပါတယ်။ ယခုဆိုလို့ရှိရင် တစ်ဧကကို တစ်သိန်းခွဲလောက်ထိပေးလာတယ်။ ယခင်ပေးတုန်းကတော့ ကုန်သွယ်ရေးဝန်ထမ်းတွေရှိတော့ ကုန်သွယ်ရေးဝန်ထမ်းတွေအကူအညီနဲ့ လုံခြုံရေးကလည်း များများစားစားပေးတော့ ရွာအရောက်လိုက်ပေးတဲ့အခါမှာ အဆင်ပြေမှုတွေရှိသလို တချို့နေရာတွေမှာ အဆင်မပြေမှုတွေရှိလာပါတယ်။ ဒီကနေ့ အဲဒီလို ရွာအရောက်ပေးမယ်ဆိုလို့ရှိရင် ငွေကြေးကလည်းများတယ်။ ကျွန်တော်တို့သိရတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းကလည်း နောက်ပိုင်းမှာတော်တော်နည်းလာတာသွားတွေ့တဲ့အခါကျတော့ အခုလို ဒေါ်ခင်စိုးစိုးကြည်ပြောသလို ချေးမယ်ဆိုလို့ရှိရင်တော့ ကာလဒေသအခြေအနေပေါ်မှာကြည့်ပြီးတော့မှ ချေးသင့်တဲ့နေရာချေး၊ မချေးသင့်တဲ့နေရာမှာ မချေးဘဲနဲ့ ဆောင်ရွက်မယ်ဆိုရင်တော့ အဆင်ပြေနိုင်စရာရှိပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ကျွန်တော်တို့အစိုးရကနေပြီးတော့ သူ့ရည်ရွယ်ချက်နဲ့ လယ်ယာဖွံ့ဖြိုးမှုလုပ်ငန်းအတွက် အောင်မြင်ဖို့ ချေးလာတဲ့နေရာမှာ အခက်အခဲတွေဘာသွားတွေ့ရလဲဆိုတော့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ မြန်မာ့စီးပွားရေးဘဏ်ကနေ ငွေတစ်ဆင့်ချေးတယ်။ ချေးတဲ့အခါကျတော့ မြန်မာ့စီးပွားရေးဘဏ်သည် သူ့ဆီမှာ၊ အပ်ငွေပေါ်မှာ မူတည်ပြီးတော့ လယ်သမားကို ပြန်ချေးရတဲ့အခါကျတော့ အပ်ငွေမရှိတဲ့အခါမှာ လယ်သမားကိုထုတ်ချေးလို့မရဘူး။ ထုတ်ချေးလို့မရတဲ့အခါကျတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အရှေ့ခြမ်းဆိုလို့ရှိရင် လယ်ယာစလုပ်တဲ့အချိန်ဟာ ဇွန်လလောက်က စပါတယ်။ ဒါပေမဲ့ တကယ်တမ်းငွေရတဲ့အခါကျတော့ ဩဂုတ်၊ စက်တင်ဘာမှ ရတာလည်းရှိပါတယ်။ အဲဒီတော့ ရည်ရွယ်ချက်က လယ်ယာလုပ်ငန်းမှာ သွင်းအားစုအဖြစ်ထုတ်ပေးနိုင်အောင်၊ လုပ်နိုင်အောင်ပေးတဲ့ငွေသည် ဩဂုတ်လလောက်မှရတဲ့အခါကျတော့ လယ်သမားက

တနေရာကချေး၊ ချေးပြီးတော့မှပြန်သွင်းတဲ့အခါကျတော့ လယ်ယာဖွံ့ဖြိုးရေးလုပ်ငန်းကိုသွားရောက်ထိခိုက်တာကို ကျွန်တော်တို့ သွားတွေ့ရတာဖြစ်ပါတယ်။ အဲဒီလို အခက်အခဲတွေရှိနေတဲ့အချိန်မှာ ခုနတုန်းက ဘဏ်ကော်မတီတွေရဲ့ လုပ်ဆောင်ချက်ကလည်း မမှန်မကန်ဖြစ်လာတဲ့အခါကျတော့ လယ်သမားတွေမှာ များစွာနစ်နာတာကို သွားတွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ ဝိုင်းကြီးချုပ်စနစ်ပဲဖြစ်ပါတယ်။ ယခင်တုန်းက ဝိုင်းကြီးချုပ်စနစ်နဲ့ ၁၀ ဦးချုပ်တယ်။ တစ်ယောက်ကမပေးဘူးဆိုလို့ရှိရင် ဘဏ်ကနေပြီးတော့ အဲဒီတစ်ဦးကို တရားစွဲတယ်။ စွဲတဲ့အခါမှာ အဲဒီကိုးဦးပါ ပါသွားပြီးတော့ ကိုးဦးပါထည့်ပြီးတော့ စွဲခံရတဲ့အခါကျတော့ ငွေလည်းကျေပါလျက်နဲ့ အချိန်ကုန်ပင်ပန်းပြီးတော့ ခံလိုက်ရတဲ့လယ်သမားတွေလည်း ကျွန်တော်တို့ အများကြီးတွေ့ပါတယ်။ အခုတစ်ခါ ကျွန်တော်တို့ သုံးဦးနဲ့ချေးပါတယ်။ သုံးဦးကို ဝိုင်းကြီးချုပ်နဲ့ချေးတဲ့အခါကျတော့ တစ်ဦးမပေးရင် နှစ်ဦးကမရပါဘူး။ မရတဲ့အခါကျတော့ ဟိုတစ်ဦးကြောင့် နှစ်ဦးပါ အခက်အခဲတွေအများကြီးတွေ့ပြီးတော့ လယ်ယာဖွံ့ဖြိုးရေးလုပ်ငန်းမှာ များစွာအခက်အခဲသွားတွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ဆွေးနွေးလိုတာကတော့ ကျေးရွာဘဏ်ကော်မတီများကို စည်းစနစ်ကျစွာဖြင့် ပြန်လည်ဖွဲ့စည်းပေးပြီးတော့ ဘဏ်လုပ်ငန်းများကိုလည်း ချို့ယွင်းတဲ့ဟာတွေကို ပြင်ဆင်ပေးဖို့ဖြစ်ပါတယ်။ ကျေးရွာအလိုက်သွားရောက်ပြီးတော့ ကျွန်တော်တို့ ငွေပေးချေခြင်းစနစ်နဲ့ပတ်သက်လို့ကတော့ ဒါဟာ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့်လေးပြန်စဉ်းစားပြီးတော့ အဆင်ပြေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်ပါရန် ဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို လေးစားစွာဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်သန်းထူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်မဲဆန္ဒနယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တင်သွင်းသောအဆိုအား ထောက်ခံအကြံပြုတိုက်တွန်းဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူလူထုအများစုဟာ ရှေးကတည်းက ဆွေစဉ်မျိုးဆက် စိုက်ပျိုးရေးကို အဓိကအားကိုးအားထားပြုပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့၊ ပြုကြဆဲဖြစ်ပါတယ်။ ခေတ်စနစ်တွေ တစ်ခုပြီးတစ်ခုပြောင်းလဲသွားကြပေမယ့် ၎င်းတို့အနေနဲ့ဆင်းရဲနွမ်းပါးမှုဘဝ အခက်အခဲကို ဆက်လက်ကြုံတွေ့နေကြရဆဲဖြစ်ပါတယ်။ ကြုံတွေ့နေရတဲ့အခက်အခဲတွေကိုကြည့်မယ်ဆိုရင် အားလုံးသိရှိထားတဲ့ လုံလောက်တဲ့အရင်းအနှီးမရှိခြင်း၊ မျိုးကောင်းမျိုးသန့်မရရှိခြင်း၊ သိပ္ပံနည်းကျနည်းပညာရရှိမှုအားနည်းခြင်း၊ စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ ခိုင်မာသောသီးနှံဈေးကွက်မရှိခြင်းနှင့် များစွာသောအခက်အခဲကို တွေ့ရမှာဖြစ်ပါတယ်။ လုံလောက်သောအရင်းအနှီးမရှိခြင်းတို့ကြောင့် တောင်သူအများစုဟာ နိုင်ငံတော်အစိုးရ၏ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(သမဝါယမ)၊ မြစိမ်းရောင်ချေးငွေတို့မှရယူကြသည့်အပြင် ပြင်ပမှကုမ္ပဏီ၊ ကုန်သည်ပွဲစား၊ ငွေရှင်များထံမှ သုံးကျပ်မှ ရှစ်ကျပ်ထိ ချေးယူလုပ်ကိုင်နေကြရတာလည်း နိုင်ငံတော်အနေနဲ့ကြားသိနေရပြီး ကြီးမားသောအတိုးနှုန်းကြောင့် လေးလံတဲ့ဝန်ထုပ်ဝန်ပိုးကို ပိုမိုထမ်းရွက်နေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်စိုက်ပျိုးရာသီတွင် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ချေးပေးပါသော်လည်း နယ်ပယ်အသီးသီး၊ သီးနှံအသီးသီးစိုက်ပျိုးထုတ်လုပ်နေသောတောင်သူအတော်များများ မရကြသေးတာ များစွာတွေ့ရှိကြားသိနေရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ရဲ့စိုက်ပျိုးရေးဆိုင်ရာအချက်အလက်အချို့ကို တင်ပြပြောကြားလိုပါတယ်။ မြို့နယ်ဧရိယာအကျယ်အဝန်း ၅၀၆၂၀၉ ဧကရှိပါတယ်။ လူဦးရေ ၁၅၀၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ စိုက်ပျိုးတဲ့လယ်ယာမြေဧရိယာ ၈၄၀၇၀ ဧကရှိပြီး လယ်မြေ ၂၉၇၁၃ ဧက၊ ယာ ၄၈၆၀၅ ဧက၊ ဥယျာဉ်ခြံမြေ ၅၀၀၂ ဧက၊ တောင်ယာ ၇၅၀ ဧကရှိပြီးတော့ ယာမြေကိုသာ အများဆုံးစိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ ဆည်များအနေနဲ့ဆိုလည်း တောင်ပေါ်ဒေသသဘာဝရေထွက် တစ်ဖက်ပိတ် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားတဲ့ ဆည်အငယ်များကိုသာ အဓိကမှီခိုအားထားရပါကြောင်း တင်ပြလိုပါတယ်။ အခက်အခဲ အမျိုးမျိုးကြောင့် အတိုးနှုန်းနည်းသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေကို ၂၀၁၅ ခုနှစ် မိုးရာသီတွင် ဧက ၁၅၀၀ ကျော်၊ ၂၀၁၆ ခုနှစ် မိုးရာသီတွင် ဧက ၄၁၀၀ ကျော်သာ ချေးယူခွင့်ရရှိခဲ့ပြီး မိုးစပါးစိုက်ဧက ၄၄၉၂၈ ဧကရှိတာကိုကြည့်ရင် ၁၁ ပုံ ၁ ပုံသောတောင်သူများသာ ချေးငွေရရှိကြပါတယ်။ စပါးတစ်မျိုးတည်းသာ ချေးငွေအနည်းငယ်ရရှိကြပြီး အခြားသီးနှံစိုက်ပျိုးတောင်သူများအနေနဲ့ ရယူ

နိုင်တဲ့အခွင့်အလမ်း ပွင့်လင်းမြင်သာစွာရှိလာရင် ဘဏ်ချေးငွေကို လိုချင်လျက်ရှိပါကြောင်းနှင့် ချေးငွေရယူရာတွင် လိုအပ်သည့်ပုံစံ(၇)လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းကိုလည်း ပိုမိုလျင်မြန်စွာ ရရှိစေရေးအတွက် အချိန်အဟုန်မြှင့်တွန်းအားပေးဆောင်ရွက်ပေးဖို့ မဲဆန္ဒရှင်တောင်သူများက တင်ပြပြောကြားလာပါသဖြင့် နိုင်ငံတော်အစိုးရဝန်ကြီးဌာနအနေဖြင့် လာမည့်နှစ်မိုးရာသီတွင် စတင်ပြီး လိုအပ်သောအစီအမံများ စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့ အလေးထားအကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခိုင်မာသောဈေးကွက်မရှိခြင်းကြောင့် သီးနှံဈေးနှုန်းများ တစ်နှစ်နှင့်တစ်နှစ် မတူဘဲ အတတ်အကျကြမ်းစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဥပမာ-၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ပြောင်း တစ်ပိဿာဈေးနှုန်းဟာ ၃၀၀ ကျပ်ဖြစ်ပြီးတော့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ၃၆၀ ကျပ်ဖြစ်ခဲ့ပေမယ့် ယခုနှစ်၊ ယခုရက်ပိုင်းမှာ ၂၆၀၊ ၂၆၅ ကျပ်သာရှိနေပါတယ်။ ပြီးခဲ့သောလွှတ်တော်နားရက် ကျေးရွာများသို့ ကွင်းဆင်းတွေ့ဆုံရာတွင် တောင်သူများက ၎င်းတို့အဓိကအားထားစိုက်ပျိုးသော ပြောင်းဈေးနှုန်းကျဆင်းနေသဖြင့် အရှုံးပေါ်ကြောင်း၊ အဆင်မပြေကြောင်း၊ ညည်းညူသံများကို နေရာအနှံ့ စိတ်မကောင်းစွာ ကြားသိခဲ့ရပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးအတွက် ဘက်ပေါင်းစုံအလေးထားကြိုးပမ်းမှုကို တွေ့မြင်နေရပြီး ပြည်သူများ၏ အနာဂတ်အတွက် ကိုးစားမျှော်လင့်မိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏လူအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ ကြုံတွေ့နေရတဲ့ အခက်အခဲများထဲမှ ၎င်းတို့အတွက် အရေးပါသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စိုက်ပျိုးစရိတ် ချေးငွေရယူရာတွင် ပိုမိုအဆင်ပြေစေမည့် ပြည်မဲဆန္ဒနယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တင်သွင်းသော အဆိုအား နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနမှ အလေးထားအကောင်အထည်ဖော်ပေးပါရန် တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်ရှင်။ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါ

သောဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ လူဦးရေကိုကြည့်မယ်ဆိုရင် ၇၀ ရာခိုင်နှုန်းကျော်ဟာ တောင်သူလယ်သမားများဖြစ်ကြပါတယ်ရှင့်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်ဖို့ဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ အများကြီးမူတည်နေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တောင်သူလယ်သမားတစ်ဦးချင်းစီရဲ့ စီးပွားရေးအခြေအနေတိုးတက်မြင့်မားလာပြီး ဘဝလုံခြုံမှုကို အာမခံချက်ပေးနိုင်တဲ့ လယ်ယာကဏ္ဍဖြစ်ဖို့ လိုအပ်ပါတယ်ရှင့်။ အာမခံချက်ပေးနိုင်တဲ့လယ်ယာကဏ္ဍဆိုတာ တောင်သူလယ်သမားများ အဓိက လိုအပ်တဲ့ အရင်းအနှီးများထုတ်ချေးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များပံ့ပိုးပေးခြင်း၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများပံ့ပိုးပေးရမယ့်အပြင် သီးနှံဈေးကွက်ကိုလည်း ဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်ရှင့်။ လယ်ယာလုပ်ငန်းစဉ် အဆင်ပြေစွာလုပ်ကိုင်နိုင်ရန် တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေက အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်တင်ပြတဲ့ ပထမအချက်ဖြစ်တဲ့ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီလျင်မြန်လွယ်ကူစွာ ချေးငွေရရှိရေးနှင့်ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်ရှင့်။ ကျွန်မတို့ တနင်္သာရီတိုင်းဒေသကြီးတွင် လယ်ဧကပေါင်း ၁၁၉၄၅၉ ဧကရှိပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ လောင်းလုံးမြို့နယ်မှာဆိုရင် လယ်ဧက ၂၂၂၂၄ ဧကရှိပြီး တောင်သူလယ်သမားဦးရေ ၄၀၀၀ ခန့်ရှိပါ တယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ စိုက်ပျိုးဧကအများဆုံးမြို့နယ်လည်းဖြစ်ပါတယ်ရှင့်။ အဆိုရှင် တင်ပြသွားသလို ကျွန်မရဲ့မြို့နယ်မှာလည်း စိုက်ပျိုးစရိတ်ထုတ်ယူတဲ့အခါမှာ မြို့နယ်ဘဏ်ခွဲတွေမှာ ဝန်ထမ်းအင်အား နည်းပါးတဲ့အတွက် လုပ်ငန်းကြန့်ကြာမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ စိုက်ပျိုးစရိတ် ချေးပေးတဲ့ကာလဟာ နှစ်စဉ် မေလကစပြီး စက်တင်ဘာလအပြီးလို့ သတ်မှတ်ထားပါတယ်။ တောင်သူများအတွက် မေလနှင့်ဇွန်လမှာရရင် အဆင်ပြေသော်လည်း အများစုကတော့ ဩဂုတ်လနှင့် စက်တင်ဘာလမှာ ချေးငွေရကြတာ များပါတယ်။ နောက်ထပ် တောင်သူများကြုံတွေ့နေရတဲ့ အခက် အခဲကတော့ စိုက်ပျိုးစရိတ်ချေးငွေအချိန်မီမရရှိ၍ အပြင်မှာအတိုးနှုန်းကြီးမားစွာဖြင့် ချေးယူပြီး လုပ်ငန်းခွင် စတင်နေကြရပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးစရိတ်ချေးငွေကို စိုက်ပျိုးချိန်အမီ ချေးယူရရှိစေရေးအတွက် ကျေးရွာဘဏ်ကော်မတီများဖွဲ့စည်းပြီး ချေးပေးတဲ့စနစ်ကို ပြောင်းလဲ အသုံးပြုသင့်တာ သေချာနေပါတယ်။ ဒီစနစ်ကို အသုံးပြုရင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဝန်ထမ်းအင်အားနည်းပါးမှုကို ဖြေရှင်းပြီးသားဖြစ်ပြီး လုပ်ငန်းစဉ်အဆင်ပြေချောမွေ့သွားမှာဖြစ်ပါ တယ်ရှင့်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်ရဲ့ နံပါတ်(၂)အချက်ကတော့ စရိတ်အကုန်အကျသက်သာစေရေးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ကျေးရွာတွေအနေနဲ့ စိုက်ပျိုးစရိတ်ထုတ်ပေးချိန်မှာ မြို့ပေါ်တက်ပြီး ချေးငွေထုတ်ယူရတဲ့အတွက် တောင်သူတွေမှာ အသွားအပြန်ခရီးစရိတ်၊ စားစရိတ်များကုန်ကျခြင်း၊ အချိန်ကုန်ခံပြီးစောင့်နေရတဲ့အတွက် စိတ်ပင်ပန်းခြင်းတွေနဲ့ ကြုံတွေ့ရပါတယ်။ ဒါ့ကြောင့် ကျေးရွာဘဏ်ကော်မတီများဖွဲ့စည်းပြီး ကျေးရွာအရောက် စိုက်ပျိုးစရိတ်ချေးပေးမည်ဆိုလျှင် ဒီအချက်ဟာ ကျွဲကူးရေပါဆိုသလို တစ်ပါတည်းပါသွားပြီး ဒီစနစ်ကို အကောင်အထည်ဖော်ပေးနိုင်ရင် အလိုလိုဖြေရှင်းပြီးသားဖြစ်သွားမှာဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ အကြံပြုချင်တာကတော့ တောင်သူတစ်ဦးလျှင် အများဆုံး ၁၀ ဧကသာ ချေးငွေထုတ်ချေးပေးပါတယ်။ ဥပမာ - ဧက ၂၀ ရှိတဲ့တောင်သူဆိုရင် ၁၀ ဧကသာ ထုတ်ချေးပေးတဲ့အတွက် စိုက်ပျိုးစရိတ်မလုံလောက်တဲ့အခက်အခဲတွေနဲ့ ကြုံတွေ့ရပါတယ်။ ဒါကြောင့် အမှန်တကယ်စိုက်ပျိုးတဲ့ လယ်ဧကအလိုက် ချေးငွေထုတ်ပေးသင့်ကြောင်း အကြံပြုလိုပါတယ်ရှင့်။ ထပ်မံအကြံပြုချင်တာကတော့ ယခုချေးပေးနေတဲ့ နှစ်ချင်းဆပ်ချေးငွေအပြင် နှစ်လတ်နှင့် နှစ်ရှည် ချေးငွေတွေချေးပေးဖို့လည်း တောင်သူလယ်သမားများကိုယ်စား အကြံပြုလိုပါတယ်။ ဒီချေးငွေတွေရမှသာ မဖြစ်မနေလုပ်ရမယ့် လယ်ယာမြေပြုပြင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများဝယ်ယူခြင်းတို့ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒါမှသာ အရည်အသွေးကောင်းမွန်သော သီးနှံများ ရာနှုန်းပြည့်ထွက်နိုင်ပြီး စက်မှုလယ်ယာကဏ္ဍကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်ရှင့်။

စိုက်ပျိုးစရိတ်ချေးငွေစာချုပ်နှင့်ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် စာချုပ်အပိုဒ် ၃၊ အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့အရ ချေးယူသူသုံးဦးမှာ တစ်ဦးဦးက ပြန်လည်ပေးသွင်းခြင်းမပြုလျှင် ကျန်သူနှစ်ဦးက အပြည့်အဝတာဝန်ယူရမည်ဆိုသည်မှာ မဖြစ်သင့်တဲ့အချက်ဖြစ်ပါတယ်။ တောင်သူကို ပိုပြီးထိခိုက်စေတာကတော့ ချေးငွေမကျေလျှင် ဒီအစုအဖွဲ့သုံးဦးစလုံး ချေးငွေသစ်ထုတ်ချေးရန် ဘဏ်သို့ တင်ပြတောင်းခံခွင့်မရှိဟု ချုပ်ဆိုထားတဲ့အချက်ပဲဖြစ်ပါတယ်။ တောင်သူလယ်သမားများ မည်မျှအခက်ကြုံတွေ့ရမည်ကို တွေးကြည့်နိုင်ပါတယ်။ ဒါကြောင့် ယခုလို ချေးယူတဲ့စနစ်တွေကိုဖျက်သိမ်းသင့်ကြောင်း အကြံပြုလိုပါတယ်ရှင်။ အကယ်၍ စိုက်ပျိုးစရိတ်ချေးငွေ မကျေသည့်တောင်သူအား စာချုပ်အပိုဒ် ၁၂ အရ ဘဏ်သည် ကြွေးမြီကို မြေခွန်တော်ဥပဒေနှင့်အညီ မြေခွန်မပြေ ကျန်ငွေဖြည့်ပြီးသကဲ့လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အရင်း၊ အတိုး၊ ဒဏ်တိုးများ ပြေကျေသည်အထိ အရတောင်းခံရမည်ကို ငွေချေးယူသူက သဘောတူပါသည်ဆိုသည့် အပိုဒ်မှာ ပါဝင်သည့် အတိုင်းသာ အရေးယူရမှာဖြစ်ပါတယ်ရှင့်။ သို့ဖြစ်ပါ၍ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား

**မူကြမ်း**

လှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ အဆိုအား တောင်သူလယ်သမားများရဲ့ အမှန်တကယ်လိုအပ်ချက်ဖြစ်တဲ့အတွက် လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အရာတော် မဲဆန္ဒနယ်ရဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေ နဲ့ အဆိုရှင်ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ ကျေးရွာအရောက်စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရေး အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဆွေးနွေးတင်ပြနေတာတွေဟာ ဌာနဆိုင်ရာများကို ကျွန်တော်တို့ရဲ့စိတ်ဆန္ဒအရ ချစ်လို့၊ မုန်းလို့ဆိုတဲ့စိတ်နဲ့၊ စိတ်ခံစားချက်နဲ့ တင်ပြနေခြင်းမဟုတ်ပါ။ ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့ ရင်တွင်းခံစားချက်များကို လွှတ်တော်မှသိရှိပြီး ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ မြန်မာပြည်သူလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် တောင်သူလယ်သမားများရဲ့ဘဝတိုးတက်မှ တိုင်းပြည်လည်း တိုးတက်ချမ်းသာမှာဖြစ်ပါတယ်။ အဲဒီအတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ ကျွန်တော်တို့ အရာတော်မြို့နယ်ဟာ မုံရွာ-ရွှေဘို ခရိုင်ချင်းဆက်လမ်းပေါ်မှာတည်ရှိတဲ့ ဆင်းရဲသားမြို့လေးဖြစ်ပါတယ်။ လူဦးရေရဲ့ ၉၅ ရာခိုင်နှုန်းခန့်ကတောင်သူလယ်သမားများဖြစ်ပါတယ်။ လူမျိုးခြား၊ ဘာသာခြားများမရှိပါ။ မြန်မာလူမျိုး တောင်သူလယ်သမားများပဲ နေထိုင်ကြပါတယ်။ အုပ်စု ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၁၅၀ ရှိပါတယ်။ လယ်သမားများအနေနဲ့ ရေဝင်ကိုးအုပ်စုမှာပဲ ရှိပါတယ်။ ကျွန်တော်တို့ အရာတော်မြို့နယ်ရဲ့ တောင်ဘက်ခြမ်းအမှတ်(၁)နယ်မြေမှာ တောင်သူအုပ်စု၊ တောင်သူအများစုနေထိုင်ကြပါတယ်။ ဆည်မရှိတဲ့အတွက်မိုးလေဝသအားကိုးပြီး စိုက်ပျိုးရပါတယ်။ ကျွန်တော်တို့ မလဲသာအုပ်စု၊ ဝရမ်းအုပ်စုဆိုလျှင် မိုးဦးသီးနှံစိုက်ပျိုး၍မရသည်မှာ ၁၀ နှစ်ခန့်ရှိပါပြီ။ ဆောင်းသီးနှံတစ်မျိုးတည်းပဲ အားကိုးပြီးစိုက်ပျိုးရပါတယ်။

သီးနှံစိုက်ပျိုးစရိတ်ချေးငွေရရှိရန် မရှိမဖြစ်လိုအပ်တဲ့ ပုံစံ(၇)ရရှိရေးကို ထောက်ပြလိုပါတယ်။ ကျွန်တော်တို့မြို့မှာ လူဦးရေ နှစ်သိန်းခန့် နေထိုင်ပါတယ်။ ပုံစံ(၇)မရသေးသူက ၁၀၀၀၀ ခန့်ရှိမယ်လို့

ခန့်မှန်းမိပါတယ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ပုံစံ(၇)မရရှိသေးပါ။ အငြင်းပွားမြေ လည်းမဟုတ်ပါ။ ကန့်ကွက်သူလည်းမရှိဘဲနဲ့ ပုံစံ(၇)ရရှိဖို့ နောက်ကျနေခြင်းဖြစ်ပါတယ်။ ပုံစံ(၇)မရရှိ ခြင်းဟာ ဝန်ထမ်းများရဲ့ ခေါက်ရိုးကျိုးအကျင့်များကြောင့်ဖြစ်ပါတယ်။ ခရိုင်၊ တိုင်းဒေသကြီးအထက်အဆင့် များရဲ့ ကြီးကြပ်ကွပ်ကဲမှုအားနည်းတဲ့အပိုင်းလည်းပါပါတယ်။ ယခင်က ပုံစံ(၇) ရုံးသွားလုပ်လျှင် ၅၀၀၀ ကျပ် ပေးရပါတယ်။ ကွင်းဆင်းဆောင်ရွက်ရလျှင် ထမင်းဖိုး၊ ဆိုင်ကယ်ဆီဖိုး၊ ဆောင်ရွက်ခ အနည်းဆုံး ၁၀၀၀၀ ခန့် ပေးရပါတယ်။ အရာတော်မြို့နယ် ရွာသစ်ကျေးရွာမှာ တပ်သိမ်းမြေများမှ ၂၅ ဧကခန့်ကို ပြန်လည်ပေးအပ်သော်လည်း ပုံစံ(၇)များကို စစ်တပ်မှသိမ်းထားသဖြင့် ချေးငွေရရှိရန် အခက်အခဲဖြစ်နေပါတယ်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအရောက် ဘဏ်ဝန်ထမ်းများမှ လာရောက်ပေးချေကြပါတယ်။ သို့ဖြစ်ပါ၍ ယခင်လိုကျေးရွာဘဏ်ကော်မတီများ ဖွဲ့ပေးပြီး ကျေးရွာအရောက် ချေးငွေများထုတ်ပေးရန် တိုက်တွန်းလိုပါတယ်။ ဘဏ်ချေးငွေများကို လည်း စိုက်ပျိုးချိန်အမီ ဆောလျင်စွာချေးပေးစေလိုပါတယ်။ ကျွန်တော်တို့မြို့နယ်တွင် ဆောင်းဘဏ် အနေဖြင့် ယခုအချိန်အထိ ချေးငွေမထုတ်ပေးရသေးသောရွာများ ရှိပါတယ်။ ဥပမာ - ဘောင်ကျ ကျေးရွာ ဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးစရိတ်အတွက် အပြင်မှ ငွေတိုးချေးပြီး စိုက်ပျိုးနေရပါတယ်။ ကျေးရွာအရောက် ချေးငွေထုတ်ချေးရာတွင် ဝန်ထမ်းများရဲ့ထမင်းဖိုး၊ ကားဆီဖိုး၊ ဖြတ်တောက်မှုများကို လည်း ကြိုတင်ပြီးတော့ ပူပန်နေကြပါတယ်။ ချေးငွေများထုတ်ချေးရာတွင် ဧကအလိုက် တစ်ပြေးညီ မသတ်မှတ်သင့်ပါ။ တောင်သူလယ်သမားအများစုမှာ ငါးဧက၊ ၁၀ ဧကခန့်သာ ပိုင်ဆိုင်ကြပါတယ်။ ဝန်ကြီးမှ ဧက ၅၀ ခန့်အထိ ချေးပေးမည်ပြောခဲ့ပါတယ်။ တစ်ပြေးညီပေးလျှင် ငွေရှင်၊ မြေရှင်များ အတွက် ပိုမိုအကျိုးရှိမှာဖြစ်ပါတယ်။ သို့ပါ၍ ဆင်းရဲသားများ အခွင့်အရေးပိုမိုရရှိစေရန် တစ်ဧကမှ ၁၀ ဧကခန့်အထိကို ချေးငွေနှုန်းထား ပိုမိုမြှင့်ပေးပြီး ၁၀ ဧကအထက်ကို အဆင့်ဆင့်လျှော့ချနှုန်းထား များဖြင့် ချေးပေးရန် အကြံပြုလိုပါတယ်။ ကျွန်တော့်ရဲ့ဇာတိ မလဲသာကျေးရွာအုပ်စုဆိုလျှင် ယခင်ခေတ် ရပ်/ကျေးအုပ်ချုပ်ရေးမှူးဟောင်းမှ ဘဏ်ဝန်ထမ်းများနှင့်မတည့်၍ စိုက်ပျိုးစရိတ် ချေးငွေကို အာမခံထုတ်မပေးခဲ့၍ ချေးငွေမရသည်မှာ ၁၀ နှစ်ခန့်ရှိပါပြီ။ သို့ပါ၍ ဆင်းရဲသား တောင်သူများ လာမည့်မိုးရာသီစိုက်ပျိုးချိန်အမီ ချေးငွေရရှိရေးကို သက်ဆိုင်ရာမှ ဆောင်ရွက်ပေးစေ လိုပါတယ်။ တောင်သူလယ်သမားများဟာ ခေတ်အဆက်ဆက် ဆင်းရဲမွဲတေမှု၊ လျစ်လျူရှုခံရမှု၊ မြေသိမ်းခံရမှုများ ခံစားခဲ့ရပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုခေတ်မှာ ပြည်ထောင်စုဝန်ကြီး အနေနဲ့ တောင်သူလယ်သမားများရဲ့ဘဝကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်ကြီးအဆင့်မီချမ်းသာ

အောင် ကြိုးပမ်းနိုင်မည်ဟု မျှော်လင့်ရင်း အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်းဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ အဆိုရှင် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ကို စိုက်ပျိုးတောင်သူများရဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍအားကောင်းပြီး ထုတ်ကုန်တိုးမြှင့်နိုင်ရန်အထူးလိုအပ်လှပါတယ်ရှင်။ ထို့အတူပဲ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၁ မှာလည်း နိုင်ငံတော်သည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်ဟု အတိအလင်းဖော်ပြထားတာဖြစ်တဲ့အတွက် ဒီလိုထောက်ပံ့ကူညီမှုတွေပြုလုပ်ဖို့အတွက်ဆိုလို့ရှိရင် ကျွန်မတို့ အစိုးရတစ်ရပ်မှာ ကဏ္ဍပေါင်းစုံကလုပ်ဆောင်ပေးရမှာဖြစ်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုပေါ်မှာမူတည်ပြီးတော့မှ ကျွန်မ အပိုင်းနှစ်ပိုင်းကိုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုဖြစ်ပေါ်လာရခြင်းရဲ့အကြောင်းအရင်းမှာ ဘတ်ဂျက်နှင့်ဝန်ဆောင်မှုအားနည်းတဲ့အတွက်ကြောင့်လို့ မြင်မိတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘတ်ဂျက်ခွဲဝေမှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်းတို့ပဲဖြစ်ပါတယ်ရှင်။

ပထမဦးစွာ ဘတ်ဂျက်ခွဲဝေမှုအပိုင်းကို လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ခွဲဝေပေးတဲ့ဌာန ၁၅ ခုရှိတဲ့အနက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၄၈.၄ ရာခိုင်နှုန်း၊ ဆည်မြောင်းဦးစီးဌာနက ၃၄.၉ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနက ၁၁.၃ ရာခိုင်နှုန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ၃.၅ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါလှတဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကတော့ အင်မတန်နည်းပါးတဲ့ပမာဏအဖြစ် ၀.၆ ရာခိုင်နှုန်းတွေ့ရပြီးတော့ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနရဲ့ဘတ်ဂျက်ကတော့ သုညရာခိုင်နှုန်းဖြစ်နေတာကို တွေ့ရပါတယ်ရှင်။ ဒီလိုတွေ့ရတဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့စီးပွားရေးမူဝါဒ ၁၂ ချက်မှာပါတဲ့ အချက်(၆)နှင့် အချက်(၈)အရ

ထုတ်ကုန်တိုးမြှင့်ရန် တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဟာ မည်မျှလောက်အရေးပါတယ်ဆိုတာကို မြင်နိုင်သလို ယခုလို ပုဂ္ဂလိကနည်းပြီးတော့မှ သွင်းကုန်များ ပြီးတော့ ကုန်သွယ်ရေးလိုငွေ နှစ်စဉ်ပြနေသောအချိန်မှာ ပို့ကုန်အားကောင်းစေရေးအတွက် စိုက်ပျိုးရေးကဏ္ဍဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲသင့်ပါကြောင်း အကြံပြုလိုပါတယ်ရှင်။

ဒုတိယပိုင်းအနေနဲ့ ဆွေးနွေးလိုတာကတော့ တောင်သူများဘဝနဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝန်ကြီးဌာနအတွင်း မည်သည့်ကဏ္ဍတွင် မည်သူ့ကို မည်သို့ဝန်ဆောင်မှုပေး မည်။ လိုအပ်မည့်ဝန်ဆောင်မှုများအတွက် ဘဏ္ဍာငွေမည်ကဲ့သို့ခွဲဝေမည်ကို စနစ်တကျ အချက် အလက်များအပေါ်စိစစ်ပြီး ဆောင်ရွက်နေမယ်ဟု ယုံကြည်ပါတယ်ရှင်။ ဘတ်ဂျက်မရှိဘဲနဲ့ ကျွန်မတို့ ကိုယ်စားလှယ်များက လူထုရဲ့အသံ ပြည်သူကိုကိုယ်စားပြုပြီး တောင်းဆိုတဲ့အခါမှာ မည်ကဲ့သို့မျှ အဆင်ပြေနိုင်မှာမဟုတ်ပါဘူးရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မတို့ရဲ့ ကယားပြည်နယ်၊ ရှားတောဒေသလေးရဲ့ အချက်အလက်လေးကို တင်ပြချင်ပါတယ်ရှင်။ ကျွန်မတို့ ကယားပြည်နယ်၊ ရှားတောမြို့လေးဟာ ကယားပြည်နယ်ဟာဆိုလို့ရှိရင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျွန်မတို့မြန်မာနိုင်ငံမှာ လူဦးရေအနည်းဆုံးပြည်နယ်အဖြစ်သတ်မှတ်ခံရ ပြီးတော့ ရှားတောမြို့လေးဟာဆိုလို့ရှိရင် လူဦးရေ ၇၀၀၀ ခန့်သာနေထိုင်တဲ့ မြို့လေးဖြစ်ပါတယ်ရှင်။ အများအားဖြင့် ၆၀ ရာခိုင်နှုန်းဟာ ကယားတွေဖြစ်ပြီးတော့မှ ရှမ်းကတော့ ၃၀ ရာခိုင်နှုန်းကျော်နဲ့ ကျွန်မတို့ အခြားသော တိုင်းရင်းသားမျိုးနွယ်စုလေးဟာ ၁၀ ရာခိုင်နှုန်းလောက်နေထိုင်ကြပါတယ်ရှင်။ ကျွန်မတို့ ရှားတောမြို့လေးဟာဆိုလို့ရှိရင် ၁၉၉၆ ခုနှစ်ကနေပြီးတော့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အထိ ကျွန်မတို့ စိုက်ပျိုးရေးချေးငွေကို တစ်ခါမှ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးဖူးခြင်းမရှိသေးပါဘူး ရှင်။ ယခု ကျွန်မတို့ဖော်ပြတဲ့ အချက်အလက်တွေဟာဆိုလို့ရှိရင် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်လာတဲ့ အပေါ်မှာရယ်၊ သတင်းအချက်အလက်အားကောင်းလာတဲ့အပေါ်မှာရယ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်မှာ တင်ပြတောင်းဆိုထားတဲ့အချက်အလက်တွေဖြစ်ပါတယ်။ အဲဒီအချက်အလက်တွေထဲက အချို့ ဖြစ်ပါတယ်။ ကျွန်မတို့အခု Slide မှာမြင်နေရတာကတော့ ယာခင်းအတွက်ကို ချေးငွေရယူလိုတဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်မတို့အောက်ဆုံးကနေရေတွက်မယ်ဆိုရင် နံပါတ်(၈)နေရာမှာ တင်ပြတောင်းဆို ထားတာ ၄၀၀၀၀ ဆိုတဲ့ ပမာဏလေးဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ဒီရှားတောမြို့လေးဟာဆိုလို့ရှိရင် စိုက်ပျိုးရေးဘဏ်လည်းမရှိသလို ချေးငွေလည်းတစ်ခါမှ မရယူဖူးသေးတဲ့နေရာတစ်ခုဖြစ်တယ်။ ဒီအတူပဲ မြန်မာ့စီးပွားရေးဘဏ်နဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်အဖြစ်ရှိတဲ့ ကယား

ပြည်နယ်၊ လွိုင်ကော်မြို့ ကိုသွားဖို့အတွက်ဆိုလို့ရှိရင် မိုင် ၇၀ ခန့်ဝေးပြီးတော့မှ ကျွန်မတို့ ကုန်ကျစရိတ်ဟာ အနည်းဆုံး ၁၅၀၀၀ ခန့်ကုန်ကျမှာဖြစ်ပါတယ်ရှင်။ တစ်ချိန်တည်းမှာပဲ ကျွန်မတို့ဝန်ကြီးဌာနကို ပြောကြားလိုတာကတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ (၁/၂၀၁၆) ဒါရိုက်တာအဖွဲ့အစည်းအဝေးမှာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ်ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောငွေကြေးထောက်ပံ့ရေးအပိုင်းကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်အနေနဲ့ချေးငွေတွေကို အချိန်နှင့်တစ်ပြေးညီရရှိစေရေးနဲ့ စနစ်တကျပြန်လည်ကောက်ခံရေးအတွက် ဝန်ထမ်းများကိုမှာကြားခဲ့တာကို အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။ ထို့အတူပဲ ကျွန်မတို့ နောင်လာမယ့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာသော်လည်းကောင်း၊ အခြားအခြားသော ဘတ်ဂျက်မှာသော်လည်းကောင်း ချေးငွေတွေကို ပိုမိုရယူလိုတဲ့ နယ်မြေဒေသတွေရဲ့ အခြေအနေအနေအထားပေါ်မှာမူတည်ပြီးတော့မှ မည်ကဲ့သို့ စနစ်ကသာလျှင် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိတဲ့လုပ်ငန်းဆောင်ရွက်ချက်တွေကို လုပ်ကိုင်ဆောင်ရွက်နိုင်ပြီးတော့မှ ကျွန်မတို့ပြည်သူ့ရဲ့ဘဏ္ဍာငွေတွေကို အလေအလွင့်မဖြစ်ဘဲနဲ့ ပေးကားပေး၏မရ၊ ကျွေးကားကျွေး၏ မဝဟုမဖြစ်ရလေအောင် ဝန်ကြီးဌာနအနေနဲ့ အလေးအနက်ဆောင်ရွက်ပေးဖို့ အနူးအညွတ်တိုက်တွန်းရင်း ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်ခင်ဗျား။ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာမှာ ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျပြန်လည်ဖွဲ့စည်း၍ ကျေးရွာအရောက် အချိန်မီသွားရောက်ချေးပေးသောပုံစံဖြင့် ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်ကတော့ ရည်ရွယ်ချက်နှစ်ချက်နှင့်တင်ပြထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပထမ အချက်အနေနဲ့ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေကို အချိန်မီလျင်မြန်စွာရရှိရေးနဲ့ ဒုတိယအချက် အနေနဲ့ကတော့ စရိတ်အကုန်အကျသက်သာစွာဖြင့် ချေးငွေအဟောသိကံမဖြစ်ရေးဆိုပြီး ရည်ရွယ် ထားတာ တွေ့ရပါတယ်။ ဒီရည်ရွယ်ချက်တွေဟာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ တင်ပြထားကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေးနှင့် ကာကွယ်ရေးအကျိုးစီးပွား မြှင့်တင်ရေးနည်းဥပဒေအခန်း(၇) ချေးငွေထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း အခန်းကဏ္ဍမှာ ဆိုလို့ရှိရင် အပိုဒ် ၂၁ အပိုဒ်ခွဲငယ်(က)မှာဆိုရင် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများအတွက် ဒေသအလိုက်၊ ရာသီအလိုက် ငွေကြေးအရင်းအနှီးလိုအပ်ချက်များကို အချိန်မီအချိန်ကိုက်ချေးငွေထုတ်ချေးပေးရေးအတွက် ဘဏ္ဍာငွေကြေးလိုအပ်ချက်များကို တွက်ချက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့တို့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံပြီး အချိန်မီထုတ်ချေး ပေးရမယ်ဟု ပြဋ္ဌာန်းပါရှိတဲ့အတွက် အဆိုရှင်ရဲ့ပထမရည်ရွယ်ချက်နှင့် သွားကိုက်ညီကြောင်း တွေ့ရှိရပါတယ်။ ၎င်းဥပဒေရဲ့ အပိုဒ် ၂၁ အပိုဒ်ခွဲငယ်(ဃ)မှာဆိုရင် ထုတ်ချေး သောငွေကြေးများကို သက်ဆိုင်ရာတောင်သူလယ်သမားများထံ စိုက်ပျိုးရာသီချိန်အမီနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရန် အချိန်မီသတ်မှတ်ကာလအတွင်း အပြည့်အဝရရှိရေးလို့ ပြဋ္ဌာန်းထားတဲ့အတွက် အဆိုရှင်ရဲ့ ဒုတိယ ရည်ရွယ်ချက်ဖြစ်တဲ့ ချေးငွေအဟောသိကံမဖြစ်ရေးဆိုတဲ့အချက်နှင့် ကိုက်ညီနေကြောင်း လေ့လာ တွေ့ရှိရပါတယ်။ အဆိုရှင်ရဲ့မူလအဆိုမှာပါတဲ့ ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ဆိုတဲ့အချက်ကို ကြည့်မယ်ဆိုရင်လည်း ကျေးရွာဘဏ်ကော်မတီများဖွဲ့စည်းတဲ့အခါမှာ မြို့နယ် အကြိုက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့အကြိုက်တင်မဟုတ်ဘဲနဲ့ ကျေးရွာလူထုအတွက် အမှန်တကယ် အကျိုးပြုမယ့်ပုဂ္ဂိုလ်များနဲ့ စနစ်တကျဖွဲ့စည်းရမယ်လို့ ဆိုထားကြောင်း တွေ့ရှိရပါတယ်။ အမှန်တကယ်လည်းဖြစ်သင့်တဲ့အချက်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် လက်ရှိမြေပြင်အနေ အထားမှာဆိုလို့ရှိရင် တချို့ဘဏ်ကော်မတီတွေဟာ ပြည်သူလူထုကို အကျိုးမပြုဘဲနဲ့ အကြောင်း အမျိုးမျိုးပြကာ ငွေကြေးကောက်ခံနေတာတွေ လက်တွေ့ဖြစ်နေတဲ့အခြေအနေကြောင့်ဖြစ်ပါတယ်။ ဒီလိုဖြစ်နေတဲ့ဟာတွေဟာ ဥပဒေနဲ့မညီကြောင်း အထက်ဖော်ပြပါ နည်းဥပဒေ အခန်း(၈) အထွေထွေ အခန်းရဲ့ အပိုဒ် ၂၇ မှာ မည်သူမဆို ချေးငွေအကူအညီနှင့် အထောက်အပံ့များကို နည်းလမ်း

တစ်မျိုးမျိုးဖြင့် ဖြတ်တောက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ကျူးလွန်ပါက ရာဇသတ်ကြီးအရ မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားမှုကျူးလွန်သည်ဟု မှတ်ယူရမယ်လို့ ပြဋ္ဌာန်းပါရှိတဲ့အတွက် ဒီဘဏ်ချေးငွေထုတ်ချေးတာနဲ့ပတ်သက်ပြီး ဘယ်လိုအကြောင်းပြချက်နဲ့မှ ငွေကြေးကောက်ခံ၍ မရကြောင်းတွေ့ရှိရပါတယ်။ ကျေးရွာအရောက်အချိန်မီသွားရောက်ထုတ်ချေးပေးသောပုံစံသို့ ပြောင်းလဲဆောင်ရွက်ရမယ်ဆိုတဲ့အချက်ကိုကြည့်မယ်ဆိုရင်လည်း တစ်ချိန်က အဲဒီလိုကျေးရွာအရောက် စိုက်ပျိုးစရိတ်ချေးငွေတွေသွားချေးပေးခဲ့တာတွေ ရှိခဲ့ပါတယ်။ သို့သော်လည်း ယခုအခြေအနေမှာတော့ တောင်သူများကိုယ်တိုင် မြို့ပေါ်မှာရှိတဲ့ စိုက်ဘဏ်တွေကိုသွားပြီးကိုယ်တိုင်သွားရောက် ထုတ်နေရတဲ့အတွက် အခက်အခဲများစွာကြုံတွေ့နေရတာရှိပါတယ်။ အဲဒီလိုထုတ်ချေးတဲ့အခါမှာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးရဲ့လက်မှတ်၊ စိုက်ပျိုးရေးမန်နေဂျာရဲ့လက်မှတ်၊ မြေစာရင်းမှတာဝန်ရှိပုဂ္ဂိုလ်များရဲ့လက်မှတ် ဆိုင်ရာသီးနှံတာဝန်ခံတွေရဲ့လက်မှတ်စတာတွေကို ရရှိဖို့အတွက် ဘဏ်ကော်မတီကနေပြီးတော့ ဦးဆောင်ပြီးတော့ ဆောင်ရွက်ခဲ့ရတာတွေကြောင့် အခက်အခဲတွေများစွာရှိပါတယ်။ ဒီလက်မှတ်တွေ အလွယ်တကူရရှိဖို့အတွက်လည်း ငွေကြေးတစ်စုံတစ်ရာမကောက်ခံရဘူးလို့ဆိုသော်လည်းပဲ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့တဲ့ အနေအထားအရ ကျွန်တော်တို့ ငွေကြေးတွေပေးခဲ့ရတာတွေလည်း လက်ရှိမြေပြင်မှာကြုံတွေ့နေခဲ့ပါတယ်။ အကယ်၍သာ အဆိုရှင်တင်ပြခဲ့သလို ကျေးရွာတွေအရောက်သွားရောက်ထုတ်ချေးပေးခဲ့မယ်ဆိုရင်သက်ဆိုင်ရာစိုက်ပျိုးရေးမန်နေဂျာတွေ၊ မြေစာရင်းမှတာဝန်ရှိတဲ့ပုဂ္ဂိုလ်များ ကျေးရွာကိုအတူလိုက်ပြီးတော့ တောင်သူဦးကြီးများထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ထုတ်ပေးမယ်ဆိုလို့ရှိလျှင်ကျေးဇူးရှင်တောင်သူဦးကြီးများအဖို့ အချိန်မကုန်လူမပန်းဘဲ ငွေကြေးအကုန်အကျ သက်သာစွာဖြင့်အဆင်ပြေချောမွေ့စွာရရှိမှာဖြစ်ပါတယ်။ ထိုကဲ့သို့ ကျေးရွာအရောက် သွားရောက်ထုတ်ပေးရာမှာအထက်ဖော်ပြပါနည်းဥပဒေ အပိုဒ် ၂၈ မှာဆိုလို့ရှိရင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့၏ ကုန်ကျစရိတ်နှင့် လုပ်ငန်းများကို တာဝန်ယူစီစဉ်ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိတဲ့အတွက်လည်းကောင်း၊ အပိုဒ် ၂၇ ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ငွေကြေးတစ်စုံ တစ်ရာမကောက်ခံရဘူးလို့ ပြဋ္ဌာန်းထားတဲ့အတွက် ကျေးရွာသို့ သွားရောက်ကွင်းဆင်းပြီးတော့ ထုတ်ချေးပေးတဲ့အခါမှာ ခရီးစရိတ်တွေကုန်ကျနိုင်သော်လည်းပဲ တောင်သူဦးကြီးများထံမှ ငွေကြေးတစ်စုံတစ်ရာမှမကောက်ခံဘဲ ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြု

တိုက်တွန်းရင်း အဆိုရှင်ရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်တင်သွင်းသွားသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသောအဆိုကို ကြည့် မယ်ဆိုလို့ရှိရင် အပိုင်းနှစ်ပိုင်းတွေ့ရပါတယ်။ ပထမပိုင်းမှာဖြစ်တဲ့ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီလျင်မြန်စွာ ချေးယူရရှိရေးဆိုသောအပိုင်းနှင့်စပ်လျဉ်း၍ ဦးစွာဆွေးနွေးသွားလိုပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေဟာ နှစ်စဉ်လိုလို လယ်သမားများထံ အချိန်မီထုတ်ချေးပေးနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါဟာ ဘာကြောင့်လဲဆိုရင် မြို့နယ်တစ်မြို့နယ်မှာ အုပ်စုအနည်းဆုံး ၄၀ မှ ၅၀ ရှိပါတယ်။ အများဆုံး ၁၀၀ ကျော်ထိရှိပါတယ်။ တစ်နေ့ကို ကျေးရွာအုပ်စုတစ်အုပ်စု အများဆုံး နှစ်အုပ်စုထက်ပို၍ ထုတ်ချေးမပေးနိုင်တာကိုလည်း တွေ့ရပါတယ်။ အဲဒီလိုထုတ်ချေးပေးလိုက်ရတဲ့အတွက် အနည်းဆုံး တစ်လခွဲမှနှစ်လအထိကြာသွားပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲလို့ အဖြေရှာကြည့်လိုက်တဲ့အခါ ဝန်ထမ်းအခက်အခဲပြဿနာ၊ နေရာအခက်အခဲပြဿနာကြောင့် ဖြစ်ပါတယ်။ အဆိုရှင်ပြောသွားသလို ကျဉ်းမြောင်းတဲ့အဆောက်အဦထဲမှာ တိုးဝှေ့ပြီးတော့ ကိုယ့်အလှည့်ကျအောင် သည်းခံအောင့်အီးပြီး ပူပူအိုက်အိုက်နဲ့၊ ချွေးတမြိုက်မြိုက်နဲ့ ဝန်ထမ်းတွေရော၊ တောင်သူတွေပါ ငရဲခန်းထဲမှာရောက်နေသလို ပါပဲ။ အလားတူ အပြင်ဘက်မှာလည်း ထိုင်စရာမရှိ၊ အမိုးအကာမရှိ မိုးထဲလေထဲ ပလက်ဖောင်း တွေမှာ၊ လမ်းဘေးကွမ်းယာဆိုင်တွေမှာ ဖြစ်သလိုထိုင်နေရတဲ့ တောင်သူလယ်သမားတွေရဲ့ဘဝဟာ

အင်မတန်မှစိတ်မကောင်းစရာတွေ့မြင်ရပါတယ်။ နောက်တစ်ချက်ကတော့ မိမိကျေးရွာအုပ်စုမှာ အစုအဖွဲ့တစ်ဖွဲ့ သို့မဟုတ် တစ်ဦးတစ်ယောက်ကြောင့်နောက်ကျပြီး ဘဏ်ကိုပြန်ဆပ်နိုင်ခဲ့တဲ့ ကျေးရွာအုပ်စုများမှာဆိုလို့ရှိရင် ပိုပြီးတော့ဆိုးပါတယ်။ အစဉ်လိုက်ဦးစားပေးစနစ် နောက်ဆုံးမှဆပ်တဲ့ရွာက နောက်ဆုံးမှပြန်လည်ချေးယူရပါတယ်။ ဇွန်လမှာစတင်ချေးသော်လည်း အချို့ဆို ဇူလိုင်လ၊ တချို့ကျေးရွာမှာဆိုလို့ရှိရင် ဩဂုတ်လ၊ စက်တင်ဘာလထိရောက်သွားကြပါတယ်။ ဒီလိုအချိန်မီအတော အတွင်းမှာ ပြန်လည်မရရှိရင် အခက်အခဲမျိုးစုံကြုံတွေ့ရပါတယ်။ လယ်ကစိုက်နေပြီ။ ဘဏ်က မထုတ်ရသေး။ လယ်ထွန်စရိတ်၊ ကောက်စိုက်စရိတ်၊ မျိုးစပါးအတွက် စရိတ်ကလိုနေပြီ။ မိမိ အခက်အခဲတွေကို အဆင်ပြေစေဖို့။ ဟိုတစ်ခါ ကိုယ်စားလှယ်တော်ကြီးတစ်ဦးပြောသလို မိမိပိုင်တဲ့ ရွှေတိုရွှေစတွေကို အပေါင်ဆိုင်ရောက်ရပါတယ်။ အတိုအစမရှိတဲ့သူတွေကတော့ ရပ်ထဲရွာထဲမှာရှိတဲ့ ငွေရှင်ထံမှာသွားပြီး ဘဏ်ထုတ်ပေးယူရတယ်။ ဘူးလေးရာဖရုံဆင့်ဆိုသလို ဘဏ်တိုးကတစ်မျိုး၊ အရပ်တိုးကတစ်မျိုးနှင့် တောင်သူလယ်သမားတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ ဒါဟာ အချိန်မီထုတ်ချေးမပေးနိုင်လို့ ဖြစ်ရတဲ့ပြဿနာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ဒုတိယပိုင်းမှာတော့ စရိတ်အကုန်အကျ သက်သာနိုင်စေရေးဖြစ်ပါတယ်။ ဒီအပိုင်းမှာ တောင်သူလယ်သမားတွေ မလွဲမသွေတွေ့ရတဲ့အပိုင်း ဖြစ်ပါတယ်။ ဘဏ်ချေးငွေရရှိရန်အတွက် ဘဏ်စာအုပ်တွေ၊ ဧကစာရင်းတွေ၊ ရုံးစာရွက်စာတမ်းတွေကို ရွာကိုယ်စားလှယ်၊ ဘဏ်ကိုယ်စားလှယ်တို့မှ တောင်သူများထံလိုက်လံကောက်ယူကြပါတယ်။ အဲဒီမှာပဲ ဝန်ဆောင်ခအတွက် တစ်ဧကကို ၅၀၀ ကျပ် သို့မဟုတ် ၃၀၀ ကျပ်အသီးသီးပေးရပါတယ်။ ဘဏ်ငွေချေးရန် မြို့ကိုသွားပြီဆိုလို့ရှိရင်လည်း ဆိုင်ကယ်ဆီဖိုး၊ ကားခ အနည်းဆုံး ၁၅၀၀ မှ ၃၀၀၀ ကျပ်အထိ ကုန်ကျပါတယ်။ အချို့နေရာများမှာ လှေတစ်တန်၊ ရေတစ်တန်၊ ကားတစ်တန်နှင့် ခက်ခဲစွာ မိုးထဲရေထဲမှာ သွားကြရပါတယ်။ မသွားလို့လည်းမဖြစ် ကိုယ်စားကလည်းထုတ်လို့မရ အခက်အခဲမျိုးစုံ၊ ဒုက္ခမျိုးစုံကိုတွေ့ကြရတယ်။ စားစရိတ်ပါတွက်မယ်ဆိုလို့ရှိရင် အနည်းဆုံး ၅၀၀၀ ဝန်းကျင်ခန့် ကုန်ပါတယ်။ ဒါဟာ ချွေချွေတာတာသုံးတဲ့သူအတွက်ပါ။ အဲဒီလိုမှမဟုတ်ဘဲ မြို့ကိုရောက်တုန်းရောက်ခိုက်၊ ကြုံတုန်းကြုံခိုက်ဆိုပြီး စားမယ်သောက်မယ်၊ ဝယ်မယ်ခြမ်းမယ်ဆိုလို့ရှိရင်တော့ မတွေးဝံ့စရာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိရဲ့မဲဆန္ဒနယ် ပွင့်ဖြူမှာဆိုလို့ရှိရင် ဘဏ်ထုတ်ချေးသောကျေးရွာအုပ်စု ၅၁ အုပ်စုရှိပြီး တောင်သူလယ်သမားဦးရေ ၁၁၅၁၈ ဦး ရှိပါတယ်။ အစုအဖွဲ့အားဖြင့် ၃၉၂၀ ရှိပြီး စပါးစိုက်ဧက ဘဏ်ထုတ်ချေးတဲ့ဧကကတော့ ၄၇၅၀၈ ဧကနှင့် အခြားသီးနှံကတော့ ၂၆၂၀ ဧက

စုစုပေါင်း ဘဏ်ထုတ်ချေးတဲ့ငွေက ၅၀၁၂၈ ငွေကရှိပါတယ်။ ဘဏ်ထုတ်ချိန်ဟာ အနည်းဆုံးနှစ်လမှ သုံးလကြာမြင့်လေ့ရှိပြီး ဒီလိုအခက်အခဲမျိုးစုံကိုကျော်ဖြတ်ပြီး နှစ်စဉ်ထုတ်ချေးလျက်ရှိပါတယ်။ နိဂုံးချုပ်အားဖြင့်ပြောရမယ်ဆိုလို့ရှိရင် ယနေ့အချိန်အခါမှာ ကျေးရွာများမှာရှိတဲ့တောင်သူများသည် ငွေသွင်းငွေထုတ်ကို ကော်မတီဖွဲ့စည်း၍ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့မြင်နေရပါတယ်။ အဆိုရှင်ပြောသလို မြစိမ်းရောင်ချေးငွေ၊ သမချေးငွေ၊ ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေများကို စနစ်တကျ ဆောင်ရွက်နိုင်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၃(က)တွင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ ထို့အတွက်ကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောစနစ်ကို ဆောင်ရွက်သင့်ပါသဖြင့် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏အဆိုကိုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သာယာဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပြီး ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ယုံကြည်ချက်တစ်ခုက မြန်မာနိုင်ငံမှာ အဓိကပြဿနာကြီးနှစ်ရပ်ရှိပါတယ်။ အဲဒါကတော့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနှင့် တောင်သူလယ်သမားများရဲ့ဘဝကိစ္စပဲဖြစ်ပါတယ်။ အဲဒီတော့ ပြည်တွင်းငြိမ်းချမ်းရေးရဲ့နောက်မှာ ဒုတိယကပ်ပါနေတာက တောင်သူလယ်သမားများရဲ့ ဘဝပြဿနာနှင့် မြေယာပြဿနာများလို့ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့ လယ်သမား၊ ကိုင်းသမားများဟာ ၁၉၆၂ ခုနှစ်နောက်ပိုင်း စီးပွားရေးဆုတ်ယုတ်မှုတွေ ဖြစ်ပေါ်လာခဲ့တဲ့အပြီးမှာ အခုချိန်ထိ သူတို့ရဲ့ဘဝဟာ နာလန်မထူနိုင်သေးပါဘူး။ ဒါကြောင့် လယ်သမားများဟာ ခေတ်အဆက်ဆက် ပုဂ္ဂလိကကြွေးမြီ၊ အစိုးရကြွေးမြီတွေအပေါ်မှာ မှီခိုရပ်တည်လာခဲ့ကြတာ အခုချိန်ထိလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကြွေးမြီစနစ်မှန်ကန်ဖို့၊ အချိန်ကုန်လူပမ်းမဖြစ်ဖို့ ထိရောက်သောနည်းလမ်းများကို

သုံးပြီး ကျေးရွာအရောက်ငွေထုတ်ချေးတဲ့စနစ်ဟာ အလေအလွင့်နည်းပါးပြီး အထိရောက်ဆုံး နည်းလမ်းဖြစ်တာကြောင့် ထောက်ခံရခြင်းဖြစ်ပါတယ်။ ကျင့်သုံးဖူးတဲ့နည်းလမ်းတစ်ခု ဘာ့ကြောင့် ရေရှည်မခိုင်ရသလဲဆိုတာကို အဖြေထုတ်ဖို့လည်းလိုပါတယ်။ ဒီလိုအဖြေထုတ်တဲ့အခါမှာ ဝန်ထမ်းများ ရဲ့အသံများအပြင် ပြည်သူများရဲ့ပကတိအသံများကိုလည်းပဲ နားစွင့်ကြည့်ဖို့လိုပါလိမ့်မယ်ခင်ဗျား။

အဲဒီတော့ ဒုတိယပိုင်းအနေနဲ့ ကျွန်တော်တို့က နိုင်ငံတော်ကနေပြီးတော့ တောင်သူလယ်သမား များကိုငွေချေးတဲ့အခါမှာ အခုနောက်ဆုံးချေးတဲ့ပုံစံကတော့ ပုံစံ(၇)နဲ့ချေးခြင်းဖြစ်ပါတယ်။ အဲဒီ ပုံစံ(၇) ဆိုတာကတော့ တိုင်းပြည်အတွက် လိုအပ်ချက်အရ တကယ့်စည်းစနစ်ကျကျ မှန်မှန်ကန်ကန် ပေါ်လာ ပင်ပေါ်လာငြားသော်လည်း ဒီပုံစံ(၇)ကြောင့် လူတွေရဲ့မရိုးမသားလုပ်မှုတွေကြောင့် ကျွန်တော်တို့ လယ်သမားတွေဟာ တော်တော်ဒုက္ခရောက်နေကြရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ သာယာဝတီမြို့နယ်မှာဆိုရင် ဒီနှစ် စိုက်ဧက ၁၀၅၈၇၀ ချေးတယ်လို့ ကျွန်တော်တို့ နောက်ဆုံးသိရပါ တယ်။ ဒါကို ကျွန်တော်တို့ ပုံစံ(၇)တွေစလုပ်ကတည်းက ကျွန်တော်တို့နည်းကျွန်တော်တို့ဟန်နဲ့ မြေပြင် အရောက်လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့သာယာဝတီမြို့နယ်ဟာ စိုက်ဧက စစ်စစ်မှန်မှန်က ၈၀၀၀၀ ဝန်းကျင်ပဲရှိပါတယ်။ အဲဒီတော့ ပုံစံ(၇)က ဧက ၂၀၀၀၀ လောက်ပိုနေတဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ဧက ၂၀၀၀၀ သည် ဘယ်သူတွေလက်ထဲမှာရှိနေသလဲ။ ဘယ်သူတွေဟာ ဘယ်လို အတွက် အသုံးချနေလဲဆိုတာကို ကျွန်တော်တို့ အရေးပြုပြီးတော့ စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒီ တော့ ကျွန်တော်တို့ ဒီစကားတွေဟာ ယေဘုယျဆန်ဆန်ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ပြည်သူကြားထဲမှာ သွားလာနေတဲ့ ပြည်သူ့ရဲ့ကိုယ်စားလှယ်တွေဖြစ်တဲ့အခါ ကျွန်တော်တို့ အတွင်း ကျကျသိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံစံ(၇)ရဲ့ တစ်ဧကပေါက်ဈေးဟာ ကျပ် ၂၀၀၀၀ မှ ကျပ် ၅၀၀၀၀ အထိ မြေပြင်မှာ တကယ်ရှိနေပါတယ်။ အဲဒီတော့ ပုံစံ(၇)ကို ဝိသမလောဘသားတွေရဲ့လက်ထဲမှာ ဒီအတိုင်းဆက်ထားနေမယ်ဆိုရင် နိုင်ငံတော်ရဲ့မူဝါဒများကို အကောင်အထည်ဖော်တဲ့အခါမှာ စီမံကိန်း တွေကလည်း အောင်မြင်မှာမဟုတ်ပါဘူး။ ကျွန်တော့်တစ်မြို့နယ်တည်းမှာတောင် ဒီလောက် ပုံစံ(၇) တွေဖောင်းပွနေမယ်ဆိုရင် တစ်တိုင်းပြည်လုံးအရ ကျွန်တော်တို့တွက်ချက်ပြီးတော့ ကြည့်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါကို သက်ဆိုင်ရာဝန်ကြီးဌာနက အလေးပေးယူထားပြီးတော့ ဒါကို ဆောင်ရွက်သင့်ပါတယ်လို့လည်း အကြံပြုပါရစေ။ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ လေ့လာမိ သလောက်တော့ လယ်ယာမြေသန်းခေါင်စာရင်းကို နိုင်ငံတော်က ၁၀ နှစ်တစ်ကြိမ်ပဲကောက်ပါတယ် လို့သိရပါတယ်။ အဲဒီတော့ ၂၀၁၀ ခုနှစ်မှာ ပဲခူးတိုင်းဒေသကြီးမှာ လယ်ယာမြေသန်းခေါင်စာရင်း

ကောက်ပြီးပါပြီ။ သို့သော် အဲဒီလိုဖြစ်တဲ့အတွက် ဒီဘက်မှာလည်း ပုံစံ(၇)တွေဖောင်းပွနေတယ်။ တစ်ခါ သန်းခေါင်စာရင်းကလည်း ၂၀၂၀ ခုနှစ်မှာကောက်မယ်ဆိုရင် ဒီ ၁၀ နှစ်တာကာလမှာ ကျွန်တော်တို့ဟာ စာရင်းအမှားတွေနဲ့ အကောင်အထည်ဖော်မိမှာစိုးလို့ စေတနာနဲ့အကြံပြုပေးတာပါ။ အဲဒီတော့ စိုက်ပျိုးဧကနဲ့ပုံစံ(၇)မှန်ကန်မှုစိစစ်ရေးအဖွဲ့များကို ဖွဲ့ပြီးတော့ ဒါဟာ အရေးတကြီးလုပ်ကိုင်သင့်တဲ့ ကိစ္စမျိုးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ပါတီအဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ ကိုယ့်မြို့နယ်မှာဆောင်ရွက်မယ်ဆိုရင် အချိန်တစ်လ၊ တစ်လခွဲလောက်နဲ့ ပြီးစီးနိုင်စရာအခြေအနေရှိပါတယ်။ အခုတော့ ကျွန်တော်တို့ဆီမှာက အဲဒီလိုမဟုတ်ဘဲနဲ့ စည်းပျက်ကမ်းပျက်တွေနဲ့ လက်သင့်ရာစားတော်ခေါ်ပြီး လုပ်ထားတဲ့ပုံစံ(၇)တွေကြောင့် အဲဒီလိုတွေဖောင်းပွနေတာဖြစ်တယ်။ ဥပမာအားဖြင့် တကယ်တော့ အဲဒီမိသားစုမှာ လယ်ယာ ၁၀ ဧကပဲရှိပါတယ်။ သို့သော် ဖအေကတစ်နာမည်၊ သားကတစ်နာမည်၊ မအေကတစ်နာမည်နဲ့ နာမည်သုံးခုလုပ်တော့ ဧက ၃၀ ဖြစ်နေပါတယ်။ တကယ်လယ်လုပ်တဲ့လူကျတော့ ၁၀ ဧကလုပ်တဲ့လူကျတော့ ဒီနှစ်တော့ ခြောက်ဧကပဲလုပ်ပါ။ နောက်နှစ်ကျမှ လေးဧကတိုးပေးမယ်ဆိုပြီးတော့ အဲဒီလိုတွေ မတော်မတရားလုပ်ထားတဲ့ ကိစ္စမျိုးတွေရှိတဲ့အတွက် တကယ်လယ်လုပ်သူက နိုင်ငံတော်ရဲ့ ထောက်ပံ့မှုကို မခံစားရဘဲနဲ့ လယ်မလုပ်တဲ့အချောင်သမားတွေက ပိုက်ဆံကိုလက်ဝါးကြီးအုပ်ပြီးတော့ ကိုင်စွဲပြီးသုံးနေတာတွေဟာ ကျွန်တော်တို့ရဲ့တောမြို့တွေမှာ အမှန်တကယ်ဖြစ်နေတဲ့ကိစ္စတွေ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကလည်း ကျွန်တော်တို့လွှတ်တော်မှာ ခဏခဏပြောပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသည် ကျွန်တော်တို့နဲ့ပူးပေါင်းဆောင်ရွက်ပါ။ ကျွန်တော်တို့ အမြဲတမ်းပူးပေါင်းဆောင်ရွက်လိုစိတ် ရှိပါတယ်။ သို့သော် ကျွန်တော်တို့ဟာ ဌာနဆိုင်ရာနှင့်ပူးပေါင်းဆောင်ရွက်ဖို့ အကြောင်းကြားတဲ့အခါ၊ ကျွန်တော်တို့ ကိုယ်တိုင်သွားတဲ့အခါ ကျွန်တော်တို့ဝန်ကြီးဌာနက စာမပို့သေးလို့ပါ။ ဟုတ်ကဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ချင်ပါတယ်။ ဝန်ကြီးဌာနကစာပို့ရင်တော့ ဆောင်ရွက်ပါ့မယ်လို့ပဲ ဒီလိုနဲ့ပဲ ကျွန်တော်တို့ဟာ နေနေရပါတယ်။ သို့သော် ကျွန်တော်တို့က တကယ်ကိုပြည်သူ့ရဲ့ဘဝ၊ ပြည်သူ့ရဲ့အခြေအနေကို တကယ်ထဲထဲဝင်ဝင်သိပြီးတော့ တကယ့်တိုင်းပြည်ရဲ့ပြောင်းလဲရေးကို တကယ်ကူညီချင်တဲ့ဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်ချင်တာပါ။ ဘယ်ဝန်ထမ်းကိုမှ ဒုက္ခပေးဖို့မှမရှိပါဘူး။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီးဆွေးနွေးတဲ့အဆိုကို၊ ဆွေးနွေးချက်ကို ကျွန်တော်တို့လည်း နားလည်ပါတယ်။ ခုနကပူးပေါင်းဆောင်ရွက်ပါဆိုတဲ့နေရာမှာ ခုနက ပြည်ထောင်စုဝန်ကြီးလည်း ပြောပြီးပြီ။ ခုနက ပုံစံ(၇)နဲ့ပတ်သက်လို့ ဘယ်လိုဝိသမလောဘတွေလုပ်နေသလဲ။ ဒီလယ်ဧကတစ်ခု တည်းကိုပဲ အဖေနဲ့၊ သားနဲ့၊ မိန်းမနဲ့ နာမည်သုံးလေးမျိုးနဲ့လုပ်နေတယ်။ တိတိကျကျလေး ဝန်ကြီးဌာန ပေးဖို့လိုတယ်။ ကျွန်တော် အမြဲပြောတယ်။ ဒီမှာ ယေဘုယျတွေပြော၊ ယေဘုယျတွေဆွေးနွေး ယေဘုယျပဲဖြစ်သွားမှာပဲ။ တိတိကျကျလေးပေးပါ။ နောက်ဆုံး ကျွန်တော်တို့ဆီလည်းပေးပါ။ ကျွန်တော်တို့ မှန်မှန်ကန်ကန်ဖြစ်အောင်လုပ်ပေးမယ်။ ဆွေးနွေးတော့ ဆွေးနွေးတယ်။ ကျွန်တော် အမြဲ ပြောတယ်။ လက်တွေ့ကျကျပို့ပါ၊ ပေးပါ၊ အထောက်အထားခိုင်ခိုင်လုံလုံနဲ့လုပ်ပါဆိုရင်။ ကျွန်တော် အပွင့်လင်းဆုံးပြောပါမယ်။ ကျွန်တော့်ဆီလည်းပို့ပါ။ ကျွန်တော်ပြောပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန လည်းပို့ပါပြောပါတယ်။ ကျွန်တော်တို့ မှန်မှန်ကန်ကန်ပဲဖြစ်စေချင်တယ်။ တရားမျှမျှတတပဲဖြစ်စေချင် တယ်။ အဲဒီလို မတော်မတရားတွေမဖြစ်စေချင်ဘူး။ သို့သော် အပွင့်လင်းဆုံးပြောမယ်။ ယနေ့အထိ တစ်ခုမှရောက်မလာဘူး။ ဆွေးနွေးတော့ဆွေးနွေးနေတာပဲ။ လက်ဆုပ်လက်ကိုင်နဲ့လုပ်စမ်းပါ။ ဖော်ထုတ်စမ်းပါ။ ကျွန်တော် ကိုယ်စားလှယ်တွေ အမြဲပြောတယ်။ ဖော်ထုတ်စမ်းပါ။ ဖော်ထုတ်ပေးလို့ မလုပ်ပေးရင် မလုပ်ပေးတဲ့ဌာနကိုပြော။ ဘယ်ဝန်ကြီးဌာနကမလုပ်ပေးလဲ။ ဘယ်အုပ်ချုပ်ရေးပိုင်းက မလုပ်ပေးလဲ ပြောပါ။ ကိုယ်စားလှယ်တွေမှာ အခွင့်အရေးရှိပါတယ်။ ပြောပါ။ ကျွန်တော်တို့ဆီပို့ပါ။ အဲဒီလိုမဟုတ်ဘဲနဲ့တော့ ဒီလိုပြောသွားတာဟာ ဘယ်သူ့လိုက်ပြီးတော့ အရေးယူရမလဲ။ ဘယ်သူ့ လိုက်ပြီး ဖော်ထုတ်ပြီးတော့ ဘယ်သူ့လိုက်ပြီး အကောင်အထည်ဖော်ပေးရမှန်းကိုမသိဘူး။ မောင်ဖြူ ဖြစ်ရင်မောင်ဖြူ အရပ်ဒေသနဲ့၊ လိပ်စာနဲ့၊ ရွာနဲ့။ မောင်နီဖြစ်ရင်မောင်နီ သေချာပြောစမ်းပါ။ ကျွန်တော်တို့ ဒါတွေကို ဘယ်လိုမှ မမှန်မကန်တာတွေ၊ မတရားတာတွေ၊ ဒီလိုမတော်မတရားတွေ လက်မခံနိုင်ပါဘူးလို့ ကျွန်တော်တို့လည်း အကြိမ်ကြိမ်ပြောပြီးပြီ။ ဝန်ကြီးဌာနလည်း ပြောပြီးပြီ။ အဲဒီတော့ ကိုယ်စားလှယ်တွေဘက်က ကျွန်တော်လည်းပြောပြီးပြီ။ ဖော်ထုတ်ပေးပါ။ ဝါးလုံးရှည်နဲ့ သိမ်းရမ်းတဲ့ဟာမျိုးပြောလို့ကတော့ အလုပ်လုပ်လို့မရဘူး။ အဲဒါလေးတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ဂရုစိုက်ပေးပါ။ ကျွန်တော် အမြဲပြောပါတယ်။ ကိုယ်စားလှယ်တွေလည်း ကိုယ့် အလုပ်ကိုယ်လုပ်ကြပါလို့။ ကျွန်တော် ဒါ အမြဲပြောပါတယ်။ ဆွေးနွေးပါ။ ဆွေးနွေးတာလည်း ကောင်းပါတယ်။ ဖော်ထုတ်တာလည်းကောင်းပါတယ်။ ဝန်ကြီးဌာနလည်းသိသွားတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနကတော့သိသွားပြီ။ ယေဘုယျတော့သိသွားပြီ။ မူတော့သိသွားပြီ။ ဒါပေမဲ့ အဲဒီ

ဘယ်ကျေးရွာ၊ ဘယ်မြို့နယ်၊ ဘယ်သူ့သွားပြီးတော့ အဲဒါပယ်ဖျက်ပေးရမှာလဲ၊ ဘယ်သူ့သွားပြီးတော့ ပြန်တည့်ပေးရမှာလဲ ဘယ်လိုမှမသိနိုင်ဘူး။ အဲဒီတော့ မုန့်လုံးစက္ကူကပ်ပြီး ဂျာအေးသူ့အမေ ရိုက်နေမှာပဲ ပြဿနာက။ အဲဒီတော့ ကိုယ်စားလှယ်တွေဘက်ကလည်း ကြိုးစားပေးပါ။ ဖော်ထုတ် ပေးပါ။ မှန်မှန်ကန်ကန်ဖြစ်အောင်၊ ဥပဒေနဲ့အညီဖြစ်အောင်။ သွားနေတဲ့မူဝါဒနှင့်လမ်းစဉ် မှန်ကန်တဲ့ အဖြေရလဒ်ဖြစ်အောင် ဖော်ထုတ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်က ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ လေးစာအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး အပိုင်းနှစ်ပိုင်းခွဲတင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ချေးငွေနဲ့ပတ်သက်တဲ့ ရည်မှန်းချက်များကို ဦးစွာဆွေးနွေး လိုပါတယ်။ နိုင်ငံသားများရဲ့ စာနပ်ရိက္ခာလိုအပ်ချက်ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ တောင်သူလယ် သမားများရဲ့ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံ တကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးစတဲ့ရည်ရွယ်ချက်များနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများရဲ့ စိုက်ပျိုးထုတ်လုပ်မှုအတွက် ငွေရေးကြေးရေးကဏ္ဍမှ ပံ့ပိုးဆောင်ရွက် လျက်ရှိရာ အဆိုရှင်တင်ပြခဲ့သလို မြို့နယ်ဘဏ်ခွဲများမှာ တောင်သူကိုယ်တိုင်စိုက်စရိတ်ချေးငွေ သွားရောက်ထုတ်ယူခြင်း၊ ပေးဆပ်ခြင်းများပြုလုပ်ကြရပါတယ်။ အဲဒီလိုအကောင်အထည်ဖော် ဆောင် ရွက်ရာမှာ ဦးတည်ချက်၊ ရည်ရွယ်ချက်များကောင်းမွန်သလောက် တောင်သူတွေအတွက် အမှန် တကယ်အကျိုးသက်ရောက်မှု ဘယ်လောက်ရှိပြီး၊ ဘာတွေလိုအပ်ချက်ရှိတယ်၊ ဘာတွေလုပ်ပေးသင့် တယ်ဆိုတဲ့အကြံပြုချက်များဟာ ယခုအဆိုဆွေးနွေးရခြင်းရဲ့ အကြောင်းပဲဖြစ်ပါတယ်။ တောင်သူ လယ်သမားများ အာဟာရပြည့်ဝတဲ့စားနပ်ရိက္ခာဖူလုံပြီး လူမှုဘဝတိုးတက်ကာ လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်ကို ယှဉ်ပြိုင်နိုင်ဖို့ဆိုတာ တကယ့်လက်တွေ့ဘဝမှာ စိန်ခေါ်မှုများနဲ့ရင်ဆိုင် နေကြရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေတောင်သူများဟာ စိုက်ပျိုးရေးမှာ ရာသီဥတု တစ်ခုတည်းကိုပဲ မှီခိုအားထားနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒေသအလိုက် ရာသီမိုးမှန်ရင် တောင်သူဘဝအဆင်ပြေပြီး ရာသီဥတုဖောက်ပြန်ရင်၊ သဘာဝဘေးဒဏ်ခံရရင် မျှော်လင့်ချက်များ ပျောက်ဆုံးကုန်ကြရပါတယ်။ ယခုလက်တွေ့မှာရော ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတုဖောက် ပြန်မှုကို တောင်သူများခါးသီးစွာ ခံစားကြရပါတယ်။ မိုးရွာတဲ့အချိန်မှာ မိုးမရွာဘဲ သီးနှံအထွက်ညံ့ပြီး သိမ်းဆည်းချိန်ကျမှ မိုးများတဲ့အခါ အရည်အသွေးကျပြီး ဆုံးရှုံးမှုများနဲ့ ရင်ဆိုင်နေကြရပါတယ်။ စိုက်ပျိုးစရိတ်မကျေတဲ့အပြင် အကြွေးပတ်လည်ဝိုင်းတော့တာပဲ။ ရာသီဥတုသည် သာမည၊ နည်းပညာ သည်ပထမလို့ ကြွေးကြော်သံဟာ နည်းပညာဖွံ့ဖြိုးတဲ့နိုင်ငံအတွက် မှန်ပေမယ့် ကျေးလက်နေ ပြည်သူ အများစုဟာ ဧရာဝတီမြစ်ကမ်းနဘေးမှာ စိုက်ပျိုးနေရပေမယ့် အများစုဟာ မြစ်ရေကိုသုံးစွဲနိုင်စွမ်းမရှိ တာဟာ လွန်စွာမှ ဝမ်းနည်းဖွယ်ဖြစ်ပါတယ်။ ဆိုလိုတာက မြစ်ရေကိုစက်ကိရိယာတွေနဲ့ နည်းပညာ အဆင့်မြှင့်၍ သုံးစွဲဖို့အရင်းအနှီးလိုအပ်ချက် အခက်အခဲတွေအပြင် ထွက်ရှိလာတဲ့သီးနှံဟာ ရင်းနှီးမှု နှင့်ထိုက်တန်တဲ့ဈေးကွက်ကို မရရှိခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တောင်သူများဟာ စိုက်ပျိုးတဲ့ သီးနှံဈေးကွက်အာမခံချက် မရှိခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်ကဆွေးနွေးခဲ့တဲ့ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်အောင်မြင်ဖို့ဆိုရင် တောင်သူဦးကြီးများ စိုက်ပျိုးထုတ်လုပ်လိုက်တဲ့ လယ်ယာထွက်ကုန် တွေအတွက် သီးနှံအလိုက်အနိမ့်ဆုံးဈေးသတ်မှတ်ချက်ကို စနစ်တကျ အာမခံဖော်ဆောင်ပေးမယ့် ခိုင်မာတဲ့အဖွဲ့အစည်းတစ်ရပ်မဖြစ်မနေ လိုအပ်နေတယ်ဆိုတာပါပဲ။ ဒုတိယပိုင်းဖြစ်တဲ့ တောင်သူတွေ လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေနဲ့ပတ်သက်ပြီး ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။ ကျေးလက်နေ တောင်သူအများစုဟာ မြေကြီးကိုအမှီပြုပြီး စိုက်ပျိုးလုပ်ကိုင်ရမှာ ဝမ်းရေးအတွက်ဖြေရှင်းဖို့ ထမင်း စားလက်မှတ်ရတယ်လို့ အောက်မေ့ပြီး ရိုးသားတဲ့တောင်သူဘဝကို ခိုင်ခိုင်မာမာခံယူကြသူများ ဖြစ်ကြ ပါတယ်။ တစ်နှစ်တာကုန်ဆုံးလို့ သီးနှံရောင်းချပြီးချိန်မှာ မိမိမြေကြီးက ထွန်ယက်ခ၊ စိုက်ပျိုးစရိတ် အလုပ်သမားခ၊ ကျွဲ၊ နွားထိန်းကျောင်းခစတဲ့ အထွေထွေကုန်ကျစရိတ်ကို ဖယ်ပြီးမိမိရဲ့ မိသားစုတစ်နှစ် တာဝင်ငွေကို မှန်မှန်ကန်ကန်တွက်ချက်စိစစ်နိုင်သူ အရေအတွက်ဟာ အလွန်နည်းပါးလှပါတယ်။ အဲဒီ နည်းပါတဲ့ အရေအတွက်လေးပဲ စီးပွားရေးပြေလည်ပြီး ကျန်အများစုဟာ မပြေလည်မှုသံသရာမှာ တဝဲလည်လည်ကျင်လည်နေကြရတာပါ။ ငွေရေးကြေးရေးစနစ်စီမံခန့်ခွဲမှု အလွန်အားနည်းကြပြီး တောင်သူကုန်သည်တွဲလုပ်သူများကသာ တောင်သူရိုးရိုးလုပ်သူထက် ပြေလည်သူဦးရေများပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြခဲ့တဲ့အခြေအနေမျိုးမှာ တောင်သူလယ်သမားတွေအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းဟာ လွန်စွာအားကိုးအားထားပြုရတဲ့ငွေကြေးဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးပေးခြင်းရည်ရွယ်ချက်က တောင်သူလယ်သမားများဘဝမြင့်မားတိုးတက်ဖို့ ဖြစ်ပါတယ်။ ဒီလိုတိုးတက်ဖို့ ဦးတည်တယ်ဆိုရင် ဟန့်တားတဲ့အချက်တွေကို ပြုပြင်ကြရမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြခဲ့သလို မိမိတို့ရဲ့ ကျေးရွာများမှာ မြို့နယ်စိုက်ပျိုးရေးဘဏ်ကိုသွားကြရတဲ့အခါ ဒေသအလိုက် ကုန်ကျစရိတ်ဟာ ဆိုင်ကယ်ဆီးဖိုး၊ စားစရိတ်နဲ့ဆို ပျမ်းမျှ ၅၀၀၀ ခန့်ရှိပါတယ်။ ဒါဟာ မိမိသွားရတဲ့ ကုန်ကျစရိတ်မျှသာဖြစ်ပြီး နံနက်မှညနေမိုးချုပ်တိုင်သွားရောက်ကြရတဲ့အထိ မိမိတို့ရဲ့တောင်သူအလုပ် ပျက်ကွက်မှုမပါသေးပါဘူး။ ဒါဆိုရင် တောင်သူဦးရေ ၁၀၀၀ ခန့်ရှိတဲ့အုပ်စုတစ်ခုရဲ့ တစ်နေ့တာဆုံးရှုံးရတဲ့ ကုန်ကျစရိတ်ဟာ သိန်း ၅၀ မျှရှိပါတယ်။ အကယ်၍ ကျေးရွာအရောက်သွားထုတ်ပေးမယ်ဆိုရင် ဘဏ်ဝန်ထမ်းသုံးဦးမှ ငါးဦးနဲ့လုံခြုံရေး အရပ်တပ်သားအချို့သာသွားရမှာဖြစ်ပါတယ်။ တောင်သူ ၁၀၀၀ ရဲ့ လုပ်အားနဲ့ဝန်ထမ်းအနည်းငယ်ရဲ့လုပ်အား လဲလှယ်လိုက်ရတဲ့အတွက် ကျေးရွာအုပ်စုတစ်ခုအတွက် တစ်နှစ်တာသိန်း ၅၀ သော ငွေပမာဏ အလဟဿလေလွင့်ဆုံးရှုံးသွားရင် တစ်နိုင်ငံလုံးအတိုင်းအတာအရ နိုင်ငံသားများရဲ့ငွေတွေ ဘယ်လောက်နစ်နာဆုံးရှုံးမလဲဆိုတာ မူဝါဒချမှတ်သူ Policy Maker များအနေနဲ့ ပြန်လည်သုံးသပ်နိုင်ဖို့ အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မဲဆန္ဒနယ်မှာဆိုရင် စိုက်ပျိုးစရိတ်ချေးငွေအတွက် မြို့နယ်ကို ဘဏ်သွားထုတ်ရင်းကားတိုက်ခံရလို့ အသက်ဆုံးရှုံးမှုဖြစ်သူ၊ ဆိုင်ကယ် Accident ဖြစ်လို့ ထိခိုက်ဒဏ်ရာရသူက အများအပြားရှိပါတယ်။ ဒါ့အပြင် ကိုယ်စားထုတ်ခွင့်မရလို့ကျန်းမာရေးမကောင်းသော်လည်း စိုက်ပျိုးရေးဘဏ်အရောက်သွားရောက်ရတဲ့ ကာယိကဒုက္ခများကိုလည်း တောင်သူတွေမှာခံစားကြရပါတယ်။ ဒီအဆိုနှင့်ပတ်သက်လို့ မဲဆန္ဒနယ်ကို ဖုန်းဆက်ပြီးအုပ်စုအလိုက်သဘောထားခံယူကြည့်ရာမှာ အားလုံးကမိမိတို့ကျေးလက်ဒေသများမှာ လာရောက်ထုတ်ပေးစေလိုကြောင်း ဒါမှသာ သွားစရိတ်၊ စားစရိတ် သက်သာတဲ့အပြင် မူးယစ်အသောက်အစားကင်းစွာထုတ်ပေးတဲ့ ပမာဏအတိုင်း အိမ်ရှင်မများထံ ရောက်ရှိမှာဖြစ်ကြောင်း ပြန်ကြားကြပါတယ်။ နောက်ပြီး ကျေးရွာအချို့မှာ ချေးငွေနောက်ကျခြင်းဟာ ကျေးရွာဘဏ်ကော်မတီများက မြို့နယ်ဘဏ်ဝန်ထမ်းများနှင့် ရင်းနှီးမှုကို အခွင့်ကောင်းယူပြီး သာမန်တောင်သူကို တစ်သိန်းမှ ၁၀ သိန်းအထိထုတ်ပေးချိန်မှာ ၎င်းကျေးရွာဘဏ်ကော်မတီများက မိသာစုအမည်စုံနဲ့ သိန်း ၂၀၊ ၃၀ ချေးယူပြီး

ပြန်ဆပ်ချိန်မှာ အဆိုပါကော်မတီများက ဦးစွာမဆပ်တဲ့အခါ တောင်သူများကလည်း သူတို့တောင်မဆပ်သေးတာပဲ။ ငါတို့လည်း နောက်မှနေလိုက်မယ်ဆိုမှ နေကြတဲ့သူတွေများပါတယ်။ ချေးငွေတွေ အချိန်မီပြန်မဆပ်တဲ့အတွက် ပထမဦးစွာ မှန်မှန်ကန်ကန်ပေးဆပ်သူများအနေနဲ့ ပြန်လည်ထုတ်ပေးချိန်မှာကြာမြင့်တဲ့အတွက် နစ်နာဆုံးရှုံးမှုများ ဖြစ်ရပါတယ်။ ချေးငွေထုတ်ပေးရာမှာ ပုံစံ(၇)ရရှိသူများကိုသာချေးပေးတဲ့အတွက် မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းအချို့က ပုံစံ(၇) အတုထုတ်ပေးတဲ့အတွက်သက်ဆိုင်ရာဌာနများမှ စနစ်တကျစိစစ်ပေးဖို့အတွက် အကြံပြုတိုက်တွန်းလိုပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာဆိုရင် မြို့နယ်မြေစာရင်းမှူးရဲ့ လက်မှတ်အစစ်နဲ့ထိုးပေးတဲ့ ပုံစံ(၇)ကို အတုလို့ထင်ပြီးလက်အောက်ဝန်ထမ်းက ဦးစီးမှူးလက်မှတ်အတုနဲ့ပေးတဲ့ ပုံစံ(၇)ကိုအစစ်လို့ထင်မှားကြတဲ့အထိ ပုံစံ(၇)များဖောင်းပွနေတာလည်း တွေ့ရပါတယ်။ ချေးငွေမထုတ်တဲ့တောင်သူကိုယ်စား တောင်သူအမည်နဲ့လက်မှတ်အတုထုတ်ပြီးအခြားသူထုတ်သွားတာကို ထောင်ကျမှာကြောက်လို့ စိုက်ဆပ်ရတဲ့ဖြစ်ရပ်မျိုးတွေ၊ ကျန်တောင်သူများရဲ့အမည်ခံလူတစ်စုက သိန်းရာချီထုတ်ယူလို့ တိုင်တန်းကြတဲ့ဒုက္ခဘဝကကင်းဝေးအောင် လုံခြုံရေးအားနည်းတဲ့ဒေသမှလွဲ၍ ကျေးလက်များအရောက် စိုက်ပျိုးစရိတ်များပြောင်းလဲထုတ်ချေးပေးသင့်ကြောင်း ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို အပြည့်အဝ ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ မအူပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာအချက်သုံးချက်ပါဝင်တာ တွေ့ရှိရပါတယ်။ နံပါတ်(၁)ကတော့ ကော်မတီများကို စနစ်တကျဖွဲ့စည်းဖို့၊ နံပါတ်(၂)ကတော့ ကျေးရွာအရောက်သွားရောက်ဖို့၊ နံပါတ်(၃)ကတော့ ဘဏ်ချေးငွေပေးတဲ့အခါ ပုံစံပြောင်းလဲဆောင်ရွက်ပေးဖို့ဆိုပြီးတော့ အဓိကအချက်သုံးချက်အဆိုထဲမှာ ပါဝင်တာတွေ့ရှိရပါတယ်။ ပထမအချက်အနေနဲ့ ယနေ့ဘဏ်ချေးငွေစိစစ်ရေးကော်မတီမှာ အုပ်စုအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌဖြစ်ပြီးတော့ ကျေးလက်ပြည်သူ့ကိုယ်စားလှယ်က အတွင်းရေးမှူး၊ စိုက်ပျိုးရေးဌာနက အဖွဲ့ဝင်၊ မြေစာရင်းကအဖွဲ့ ဝင်ဆိုပြီးတော့ အဖွဲ့ရှိပါတယ်။ ဒီအဖွဲ့ဝင်တွေဟာ အရမ်းအရေးကြီးပါတယ်။ အများရဲ့ ယုံကြည်လေးစားမှုရှိပြီးတော့ မိမိတာဝန်၊ မိမိတာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့လိုသလို စိုက်ပျိုးမြေမရှိရင် အခုနက

ပုံစံ(၇)ထပ်သွားတယ်ဆိုရင် မြေစာရင်းအဖွဲ့ဝင်ကို အရေးယူဖို့ လိုပါတယ်။ ချေးပြီးတော့ မစိုက်ဘဲနဲ့ ထားတယ်ဆိုရင် စိုက်ပျိုးမှုမရှိဘူးဆိုရင် စိုက်ပျိုးရေးအဖွဲ့ဝင်တွေကိုလည်းပဲ သတိပေးအရေးယူဖို့ လိုပါတယ်။ တစ်နည်းအားဖြင့် ဘဏ်ချေးငွေကို အကျိုးရှိရှိအသုံးချနိုင်ဖို့အတွက် စိစစ်ရေးကော်မတီရဲ့ မရိုးသားသောလုပ်ငန်းလုပ်ဆောင်ချက်များကို ထိရောက်စွာအရေးယူ ကြီးကြပ်ဆောင်ရွက်ဖို့အတွက် လယ်/ဆည်ဝန်ကြီးဌာနက အရမ်းအရေးကြီးနေပါတယ်လို့ ကျွန်တော်ပြောကြားလိုပါတယ်။

ဒုတိယအချက်အနေနဲ့ ကျေးရွာအရောက်သွားဖို့ မြို့ပေါ်အရောက်မသွားဘဲ ကျေးရွာအရောက် ထုတ်ချေးဖို့ကိစ္စဟာ အင်မတန်သင့်ပါတယ်။ ကျွန်တော်တို့ ခဏခဏတွေ့ရှိရပါတယ်။ မြို့ပေါ်မှာ ကြက်ပွဲသဘောမျိုး လူစုလူဝေးခဏခဏဖြစ်စေပြီး မလိုအပ်ဘဲအချိန်ကုန်ခံပြီး စောင့်ကြည့်နေရတဲ့ တောင်သူလယ်သမားတွေရဲ့ ဒုက္ခ၊ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာအရ ကိုယ်ကျင့်တရားတွေကို ချို့ယွင်းပျက်စီးမှုကို ဖြစ်ပေါ်စေသော အခြေအနေကို ဖန်တီးပေးထားသလို ဖြစ်နေပါတယ်။ တစ်ခါ တလေဆိုရင် တစ်ရက်တည်းနဲ့မရဘဲနဲ့ သုံး၊ လေးရက်ဆက်တိုက်ကို လာနေရတာဖြစ်တဲ့အတွက် အချိန်နှင့်အညီ အလုပ်လုပ်ရတဲ့ လယ်ယာကဏ္ဍကို တစ်ဖက်တစ်လမ်းက ထိခိုက်အောင် ဆောင်ရွက် ထားတဲ့စီမံမှုမျိုးလို့ တွေးထင်စရာတွေဖြစ်လာပါတယ်။ အချို့ဆိုရင် မြို့ပေါ်လာထုတ်တာက တောင်သူ လယ်သမား လက်ခံရရှိကြောင်းလက်မှတ်ထိုးတယ်။ ငွေကကျတော့ ဘဏ်ချေးငွေစိစစ်ရေးကော်မတီ ကငွေထုတ်သွားပြီးတော့ ကျေးရွာကျမှ ကြည့်ရှင်းမယ်ဆိုပြီးတော့ ကညင်ဝမှာ ချေးငွေမရဘဲနဲ့ လက် မှတ်ထိုးပြီးပေးရတဲ့ တရားစွဲဆိုမှုတွေလည်းရှိခဲ့ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိသွားသလို ကျွန်တော်တို့ ထိထိရောက်ရောက် အရေးယူဖို့အတွက်ဆောင်ရွက်သော်လည်း ကြီးကြပ်မှုနဲ့ တရားစွဲဆိုမှုဘက်မှာ အားနည်းနေတဲ့အတွက် ယနေ့ထိ ပြင်းပြင်းထန်ထန်အရေးယူမှု မရှိသေးဘဲနဲ့ တန်းလန်းကြီးဖြစ်နေပါတယ်။ တတိယအချက်အနေနဲ့ ဘဏ်ချေးငွေထုတ်ယူမှုပုံစံ ပြောင်းလဲတဲ့အခါမှာ အမှန်တကယ်လက်တွေ့ စိုက်ပျိုးနေသူကိုသာ ငွေချေးဖို့လိုပါတယ်။ မြေမရှိတဲ့ သူကို မချေးဖို့၊ မြေရှိပြီးတော့ လုပ်ကွက်ငယ်များကို ဦးစားပေးပြီးတော့ ငွေချေးပေးဖို့။ လုပ်ကွက် ငယ်များကို စိုက်ပျိုးစရိတ်လုံလုံလောက်လောက်ချေးပေးမှသာ ဒုတိယလုပ်ကွက်လတ်၊ တတိယ လုပ်ကွက်ကြီး ဒီလိုစဉ်းစားသွားရမှာဖြစ်ပါတယ်။ အခုတော့ တစ်ဧကလျှင် အရင်တုန်းက ၅၀၀၀၀ ကနေပြီးတော့ တစ်သိန်းခွဲပေးလိုက်တဲ့အခါမှာ တစ်သိန်းခွဲက ဘယ်သူရသွားလဲဆိုတော့ ဧကလတ်ရှိတဲ့ သူတွေသာ သူတို့ရဲ့ ခုနက မိသားစုဝင်နာမည်တွေနဲ့ ပြောင်းပြီးတော့ ပုံစံ(၇)တွေဆောင်ရွက်တဲ့အတွက် ဧကလတ်ကိုသွားပြီးတော့ အကျိုးရှိတာဖြစ်ပါတယ်။ တကယ်တမ်းသည် ပိန်နေတဲ့ကလေးကို ပိုပြီး

နို့တိုက်ရမှာဖြစ်ပါတယ်။ ပိန်နေတဲ့ကလေး ဝပြီဆိုရင် လတ်တဲ့ကလေး နို့တိုက်ရမှာဖြစ်ပါတယ်။ ဒီလိုမျိုးအဆင့်လိုက်အဆင့်လိုက် စီမံကြီးကြပ်မှု အရမ်းအရေးကြီးနေပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ကျေးလက်ဒေသပြည်သူလူထုရဲ့အများရှေ့မှာ ပွင့်လင်းမြင်သာစွာဈေးပေးဖို့လိုပါတယ်။ ဒါမှသူတို့တွေ လေလွင့်နည်းပါးမယ်။ နောက်တစ်ဦးချင်း အာမခံစနစ်နဲ့ ဈေးပေးဖို့လိုပါတယ်။ စိုက်ချိန်၊ အချိန်မီလည်း ဈေးပေးဖို့လိုပါတယ်။ မရိုးသားမှုများကို တာဝန်ခံစနစ်ဖြင့် ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဖို့လိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့လွှတ်တော်ကြီးကနေပြီးတော့ အစိုးရရဲ့လုပ်နည်းလုပ်ဟန်တွေကို တိုက်တွန်းပါကြောင်းနဲ့ ခဏခဏပြောရတာ ကျွန်တော်တို့ စိတ်မကောင်းစရာဖြစ်ရပါတယ်။ ကနေ့ လူထုအများစုနဲ့ဆက်နွှယ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ အဓိကအရေးကြီးဆုံးဟာ စီမံခန့်ခွဲမှုနဲ့အုပ်ချုပ်မှုဟာ အရမ်းအရေးကြီးပါတယ်။ တိုးတက်ပြောင်းလဲနိုင်ဖို့အတွက် စီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်ပေးဖို့၊ ကြီးကြပ်ဖို့လိုအပ်သလို သန့်ရှင်းစင်ကြယ်ပွင့်လင်းစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ပါသော ထိရောက်စွာအရေးယူမှု၊ အုပ်ချုပ်မှုပါသော အုပ်ချုပ်ရေးစနစ် ထွန်းကားဖို့ လိုပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ဒီအစိုးရမှာမဟုတ်ပါဘူး။ အရင်အစိုးရမှာ သိန်း ၁၀၀ ဈေးတိုင်း သိန်း ၇၀ ပဲပြန်ရပါတယ်။ သိန်း ၃၀ မရပါဘူး။ ဒီလိုသိန်း ၃၀ မရဘဲနဲ့နေတဲ့လူတွေ အရေးမယူတဲ့အတွက် ပြန်ဆပ်တဲ့လူတွေက ပြန်မဆပ်ချင်တော့ဘူးဖြစ်နေပါတယ်။ အဲဒီတော့ လူတစ်ယောက်ကြောင့် တစ်ရွာလုံး လူတစ်ထောင်လုံးကို စိတ်ဓာတ်ပိုင်းဆိုင်ရာတွေပျက်စီးစေပါတယ်။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အားဖြင့် အဆိုရှင်ရဲ့အဆိုကို ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်တဲ့အစီအစဉ်များကို တတိယပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့မှာ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၂:၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]